

# ဝိဇ္ဇာ တကယ်ရှိပါသည်

[ အောင်မော်စံဆရာတော် (ကချင်ပြည်နယ်)၏ ထူးခြားဆန်းကြယ်သော ကိုယ်တွေ့ဖြစ်ရပ်များ ]

ကြောကောင်းစံ စီစဉ်သည်

ပါဠိတော် အပါဒါန်တွင်လည်း အရှင်မဟာကစ္စည်းမထေရ်မြတ်၏ အလောင်းတော်ဝိဇ္ဇာမိုရ်သည်
သုမေဓာ ဘုရားရှင်နှင့် ကောင်းကင်ယံ၌ ဖူးတွေ့ရရာ ကြည်ညိုစိတ်ကြီးမားလှသဖြင့်
မဟာလေဒါးပန်းပွင့်ကို လှူပူဇော်ကြောင်း
ဥတ္တရသာမဏေ အလောင်းတော်ဝိဇ္ဇာသည် သုမေဓာဘုရားရှင်နှင့် ကောင်းကင်ယံ၌
ဖူးတွေ့ရရာပန်း၊ထီးလှူပူဇော်ကြောင်း.....

ဓမ္မဒါနအလှူဖြင့်

မဇ္ဈိမစာစဉ် (၁၅၀)


ဖြန့်ချိရေး

မဇ္ဈိမစာပေ

အမှတ် (၂၃၇)၊ (ပထမထပ်-ဝဲ)၊ ၃၉-လမ်း၊ အပေါ်ဘလောက်၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁-၃၉၂၈၃၅၊ ၀၉-၇၃၀၅၉၉၃၅၊ ၀၉-၅၀၅၆၇၄၃

# ဝိဇ္ဇာတကယ်ရှိသည်

အောင်မော်စံဆရာတော် (ကချင်ပြည်နယ်)

၏

ထူးခြားဆန်းကြယ်သော ကိုယ်တွေ့ဖြစ်ရပ်ဆန်းများ

စကြာကောင်းစံ စီစဉ်သည်။

# ဝိဇ္ဇာ တကယ်ရှိသည်


## ပုံနှိပ်မှတ်တမ်း


| | |
|---|---|
| ပုံနှိပ်ခြင်း | ➤ ပထမအကြိမ်၊ အုပ်ရေ (၁၀၀၀) |
| ထုတ်ဝေသည့်ကာလ | ➤ ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ။ |
| ထုတ်ဝေသူ | ➤ ဒေါ်မျိုးမျိုးလတ်<br>ရွှေခေတ်စာပေ<br>အမှတ်(၂၁)၊ ဒါနလမ်း၊ သာယာကုန်း၊<br>မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ |
| အတွင်းနှင့်မျက်နှာဖုံးပုံနှိပ် | ➤ ဦးမျိုးမြင့်ကျော်<br>မြတ်ထက်ဟိန်းပုံနှိပ်တိုက်<br>အမှတ် (၅)၊ ဈေးလမ်း၊<br>တပ်မြေ (၆) ရပ်ကွက်၊ ပုဇွန်တောင်။ |
| အတွင်းဖလင် | ➤ ကိုဦး (၀၉၅၀၇၀၆၆၃) |
| မျက်နှာဖုံး | ➤ ပန်းချီ လင်းဝဏ္ဏ |
| အတွင်းအပြင်အဆင် | ➤ နေရီရီ |
| တန်ဖိုး | ➤ ၈၀၀ ကျပ် |

စကြာကောင်းစံ

CIP - 294.3

ဝိဇ္ဇာ တကယ်ရှိသလား - ရန်ကုန်။
မဋ္ဌိမစာပေ၊ ၂၀၁၄။
တ - ၁၀၂ ၊ ၁၁·၅ × ၇·၃ စင်တီ။



ဆရာတော် ဘဒ္ဒန္တ အရိယဝံသ

ကချင်ပြည်နယ်၊ ဝိုင်းမော်မြို့နယ်

မှန်တောင်တောတွင်း ရိုက်ကူးထားသောပုံ



# မာတိကာ


- ❖ အမှာစာ ၉
- ❖ နိဒါန်း ၁၅
- ❖ ဝိဇ္ဇာဂိုဏ်းချုပ် ဆရာတော်ကြီးများ ၁၉
- ❖ ပန်းပုဆရာကြီးဦးကျော်မြင့် ၂၀
- ❖ ဘုရားဖူးမလား ရွှေယူမလား ၂၄
- ❖ ရွှေငွေရတနာ လိုချင်ရင် ၂၆
- ❖ ဗိုလ်မှူးဖူကွန်နော်နှင့် ဘိုးတော် ၂၈
- ❖ ဆွေမျိုးဖြစ်လို့ မပေးဘူးကွ ၃၀
- ❖ ဝိဇ္ဇာကို ယုံပါတယ် ၃၃
- ❖ ဝိဇ္ဇာတပည့် ဦးဇော်ဝင်း ၃၆
- ❖ အပြတ်ပြောတတ်တဲ့ မောင်ပါကြီးနဲ့ ဘိုးတော်တွေ့ဆုံခြင်း ၃၈
- ❖ မနုသိန်းနဲ့ ဘိုးတော်အောင်မင်းခေါင် ၄၀
- ❖ အိပ်မက်ဘိုးတော်မိန့်တဲ့ ကိုးနဝင်းကြီး ၄၃
- ❖ ဝိဇ္ဇာမာတ်စီးခြင်း ၄၉

❖ ဟိန္ဒူလူမျိုးနှင့် ဘိုးတော်အောင်မင်းခေါင် ၅၅
❖ နတ်ရေကန်ထဲမှာ အိပ်ပျော်တဲ့ဘိုးတော်တပည့် ၅၆
❖ ပြောင်းပြန်လုပ်မှ အကြွေးဆပ် ၅၈
❖ အာဟာရသိဒ္ဓိပြီးချင်လို့ ၆၀
❖ ရသေ့ဘိုးတော် ဦးသာခင် ၆၃
❖ မိန်းမလေးယောက် ခင်မောင်ဘုရားဖူးခြင်း ၆၅
❖ ဘိုးတော်အောင်မင်းအောင် ၆၉
❖ ယူနန်တရုတ်နှင့် ဘိုးတော် ၇၃
❖ လက်ရွေးစင်ဘောလုံးသမားနှင့် ဘိုးတော် ၇၈
❖ ချော်ဘိုးတဲကြီး ၈၁
❖ ဝိဇ္ဇာမယ်တော်ကြီး ၈၉
❖ အနုကြမ်းကို ကာကွယ်ပေးသည့် လက်ချမီးမယ်တော် ၉၃
❖ လာပြန်ပြီ မယ်တော် ၉၆
❖ ဒီတစ်ခါတော့ လက်ချမီး မဟုတ်တော့ပါ ၉၇
❖ ဝိဇ္ဇာကြီးလေလား မှော်အောင်သူလား ၁၀၁


* * *

# အမှာစာ

အောင်မော်စံဆရာတော် (ကချင်ပြည်နယ်) က ဝိဇ္ဇာအကြောင်းနဲ့ ပတ်သက်ပြီး ကျွန်ုပ်နှင့်ဝိဇ္ဇာများ (အပိုင်း-၁)၊ ကျွန်ုပ်နှင့်ဝိဇ္ဇာများ (အပိုင်း-၂) နဲ့ ကျွန်ုပ်နှင့်ဝိဇ္ဇာများ (အပိုင်း-၃)ကို စာရေးသူ (စီစဉ်သူ)ထံ တစ်အုပ်ပြီးတစ်အုပ် ရေးသားပေးပို့ခဲ့ပါတယ်။

ကျွန်ုပ်နှင့်ဝိဇ္ဇာများ (အပိုင်း-၁)ကို ဝိဇ္ဇာတကယ်ရှိသလားဆိုတဲ့အမည်နဲ့ မဇ္ဈိမစာပေက ထုတ်ပေးခဲ့ရာမှာ အောင်မြင်မှုတွေရခဲ့လို့ စီစဉ်သူအနေနဲ့ ဝမ်းသာပီတိဖြစ်ခဲ့ရပါတယ်။ ဆရာတော်ရဲ့စာမူခတွေကိုလည်း နာရေးကူညီမှုအသင်း (ရန်ကုန်) အတွက် ကျပ်နှစ်သိန်းနဲ့ တောင်ငူ ရေဘေးသင့်ဒုက္ခသည်များနဲ့ ကရင်ပြည်နယ် ရေဘေးသင့်ဒုက္ခသည်များအတွက် ကျပ်တစ်သိန်း လှူပေးခဲ့ရလို့ ပင်ပန်းပေမယ့် ကျေနပ်ရပါတယ်။

ကျွန်ုပ်နှင့်ဝိဇ္ဇာများ (အပိုင်း-၂)ကို ဝိဇ္ဇာတကယ်ရှိသည်ဆိုတဲ့

အမည်နဲ့ မဖျိုမကာပဲ ထပ်မံထုတ်ဝေလိုက်ပါတယ်။ ဆရာတော်က အမိန့်ရှိတယ်။ ပထမစာအုပ်ထွက်တော့ စာဖတ်သူတွေကြိုက်တာ အံ့ဩကြောင်း၊ သူက စာရေးလည်း မကောင်းဘဲနဲ့ စာအုပ်ရောင်း ကောင်းလို့ အံ့ဩဝမ်းသာဖြစ်မိကြောင်း အမိန့်ရှိပါတယ်။ အမှန်က ဆရာတော်ရဲ့ရေးဟန်က တိုတိုရှင်းရှင်းနဲ့ ထိမိလှပါတယ်။ ထူးခြား ဆန်းကြယ်သော ကိုယ်တွေ့ဖြစ်ရပ်များကို ရေးရာမှာ အပိုအလိုမပါ ကွက်တိဖြစ်ပါတယ်။

ဆရာတော်ဟာ ဗုဒ္ဓဘာသာသို့ကူးပြောင်းခဲ့ပြီးနောက် လူ့ဘဝ မှာလည်း သမထဝိပဿနာကို ကျင့်ကြံအားထုတ်ခဲ့သလို ရဟန်း ဘဝမှာလည်း သမထဝိပဿနာကို ကျင့်ကြံအားထုတ်ကြောင်း သိရပါတယ်။ ဆရာတော်ရဲ့ သမထ ဝိပဿနာခရီးမှာ တောတောင် များစွာ နေရာဒေသစုံစွာရောက်ခဲ့ဖူးတာမို့ ဆရာတော်ကြုံတွေ့ခဲ့တဲ့ အချို့သောနေရာဒေသများဟာ ပြောမယုံ ကြုံဖူးမှသိ ဖတ်မယုံ တွေ့ကြုံမှ အံ့ဩဖြစ်ရလောက်တဲ့နေရာတွေပါတယ်။

ဝိဇ္ဇာတကယ်ရှိသလား စာအုပ်မှာ ရွှေသုံးပိဿာပေးတဲ့ ဘိုးတော် ဆိုတဲ့အကြောင်း ပါတယ်။ အဲဒီမှာ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ရဲ့ မြောက်ဘက်မှာ ထူးခြားတဲ့ တောင်ကြီးတစ်လုံး ထီးထီးကြီးမားမားကြီး တွေ့ရပြီး အင်ခိုင်ဘွမ်လို့ခေါ်ကြောင်း၊

တောင်ထိပ်ထိ ၁၈ နာရီတက်ရကြောင်း၊ တောင်ထိပ်မှာ ရေကန်ကြီးတစ်ကန်ရှိပြီး၊ အလွန်ထူးဆန်းတဲ့ ရေနေသတ္တဝါကြီးတွေအများကြီးရှိကာ ရေနေသတ္တဝါများကို ဖမ်းဆီးသူများဟာ ဒုက္ခအမျိုးမျိုးရှိကြောင်း၊ ထို အင်ခိုင်ဘွမ်တောင်ထိပ်တည့်တည့်ကနေပြီး ဘယ်သောအခါမှ လေယာဉ်ဖြတ်ပျံသန်းခြင်းမပြုကြောင်း၊ ဒုတိယကမ္ဘာစစ်တုန်းက စပေး (Spit) စစ်တိုက်လေယာဉ်များနဲ့ ဒါကိုတာလေယာဉ်များ ဖြတ်သန်းပျံသွားတဲ့အခါ ထိုလေယာဉ်များပျောက်သွားကြကြောင်း၊ ဒါကြောင့် ဘာမြူဒါတောင်လို့ခေါ်ကြောင်း စိတ်ဝင်စားစရာကောင်းလောက်အောင် ရေးသားခဲ့ပါတယ်။

ဆရာတော် ပထမဆုံးရေးတဲ့ ဗုဒ္ဓဘာသာသို့ ကူးပြောင်းခဲ့သော ကချင်ဆရာတော် ဘဒ္ဒန္တအရိယဝံသ၏ ကိုယ်တိုင်ရေးထေရုပ္ပတ္တိနှင့် အတွေ့အကြုံမှတ်တမ်းများ စာအုပ်စာမျက်နှာ-၃၁ မှာ -

ကျွန်ုပ်တို့ရွာ၏ တောင်ဘက်ခပ်လှမ်းလှမ်းမှာ မန်ဆာချောင်းရှိသည်။ ထိုချောင်းမှ ငါးများသည် ဆန်းပြားသည်။ အချို့ငါးများမှာ ဦးချိုပါသည်။ အချို့ငါးများ ငှက်တောင်ပံပါသည်။ အချို့ငါးများမျက်စိတစ်လုံးကြီးကြီး ပါသည်။ အချို့ငါးများ လူလက် (လူခြေထောက်)

ပါသည်၊ အချို့ငါးများ လူလိုသွားပါသည်။ ထိုငါးများကို ဖမ်းနည်းမျိုးစုံနှင့် ဖမ်းဆီး၍မရပါ။ သူ့ ဟာသူသေသည်ကို ကောက်စားလျှင် ကောင်းလှသည်။ ဆေးဖက်ဝင်သည် ဆို၏။

စသည်ဖြင့် ရေးသားထားရာ စာဖတ်သူများ အထူးစိတ်ဝင်စားလှပါတယ်။ စီစဉ်သူထံရောက်နေတဲ့ တတိယစာအုပ်မှာလည်း ကောင်းကင်မှကျလာသော ဝက်လောက်ကြီးသည့် ကြွက်၊ ခွေးလောက်ကြီးသည့်ကြွက်၊ အနီကြွက်ကြီးများ ဖျက်ဆီး၍ လူသေရွာပျက်ကာ ဆရာတော်ရှိရာ ပြေးလာရသည့် ရွာသူရွာသားများ အကြောင်း တကယ်ပင် ထူးခြားဆန်းကြယ်သော ဆရာတော်၏ ကိုယ်တွေ့ဖြစ်ရပ်များဖြစ်ပါတယ်။

ဤ ကျွန်ုပ်နှင့်ဝိဇ္ဇာများ အပိုင်းသုံးပိုင်းလုံးပြီးလျှင် ဆရာတော်၏ ဂန္ဓာရီခရီးလမ်းမှ ထူးခြားဆန်းကြယ်သော ကိုယ်တွေ့ဖြစ်ရပ်များကို ရေးသားချီးမြှင့်ဖို့ လျှောက်ထားရဦးမယ်၊ ဆရာတော်၏ မှန်ကန်သော ကျင့်ကြံအားထုတ်မှုကို အများသိရှိနိုင်အောင် စီစဉ်ပေးခွင့်ရလို့ တကယ်ပဲဝမ်းသာ ပီတိဖြစ်ရပါတယ်။

*စကြာကောင်းစံ*

## အောင်မော်စံကျော် ဆရာတော် ဦးအရိယဝံသ၏ ကျောင်းတွင် ရေးသားထားသော မှတ်သားဖွယ်ရာများ

(၁) သားနှင့်သမီး နှိပ်စက်၊ မိဘခက်
သမီးနှင့် ချွေးမ ပြူစူ၊ မိဘပူ
ဘယ်ကရ ကိုယ်ကလုပ်လို့ရ
ကိုယ့်အတတ်နှင့် ကိုယ်စူး နှုတ်လို့ မရနိုင်ဘူး။
(စွန်းလွန်းဆရာတော်)

(၂) မိမိက တရားရှုလျှင် တရားက မိမိကို ပြန်ရှုလာမည်။
ထိုအခါ တရားရပြီဟု ဘုရားဟော၏။

(၃) ဆန်စပါး ကောင်း၊ မကောင်း ကြည့်မှသိ။
ခြံ ကောင်း၊ မကောင်း ချောင်းကြည့်မှသိ။
ကုန် ကောင်း၊ မကောင်း ရောင်းကြည့်မှသိ။
လူ ကောင်း၊ မကောင်း ပေါင်းကြည့်မှသိ။
တရား ကောင်း၊ မကောင်း
ဖောင်းပိန် အားထုတ်ကြည့်မှသိ။

(၄) ရှူးမှထူး ကောင်း၏။
ထူးမှရှူး ကောင်း၏။

မထူးရှူး မကောင်း၊
မရှူးဘဲထူး အကောင်းဆုံး။

(၅) ဘယ်တော့မှအားမထုတ်ခြင်းထက်
နောက်ကျမှ အားထုတ်ခြင်းသည် ကောင်း၏။

(၆) လူကောင်းဖြစ်ဖို့ခက်၏။
ရဟန်းကောင်းဖြစ်ဖို့ ခက်၏။
တပည့်ကောင်းဖြစ်ဖို့ ခက်၏။
ဆရာကောင်းဖြစ်ဖို့ ခက်၏။
တရားအားထုတ်ဖြစ်ဖို့ ခက်၏။
အားထုတ်လျှင်လည်း သမာဓိရဖို့ ခက်၏။
သမာဓိရလျှင်လည်း တရားရဖို့ ခက်၏။

# တွန်ုဝ်နှင့် ဝိဇ္ဇာများ (အပိုင်း–၂)
# နိဒါန်း

## ဗုဒ္ဓဘာသာဆေး ကိုးမျိုး

၁။ ဘုရားဆေး – ဘုရားဂုဏ်တော် ကိုးပါးကို ရွတ်ခြင်း၊ ပုတီးစိပ်ခြင်း လုပ်ရတယ်။ ဒါကို ဂုဏ်တော် ပွားတယ် ခေါ်တယ်တဲ့။

၂။ တရားဆေး – တရား ဂုဏ်တော် ခြောက်ပါးကို ရွတ်ရတယ်။ ပုတီး စိပ်ရတယ်။ တရား ထိုင်ရတယ်တဲ့။

၃။ သံဃာဆေး – သံဃာ့ဂုဏ်တော် ကိုးပါးကို ရွတ်ရတယ်၊ ပုတီးစိပ်ရတယ်တဲ့ ဘိုးတော် ကပြောတာနော်။

၄။ မိဘဆေး – မိဘကို ပူဇော်ရတယ်။ ကန်တော့ရတယ်။ ပြုစုရတယ်။ မိဘကို မပြစ်မှားရဘူး။ တချို့ မိဘတို့က သား

သမီးထက်မိုက်တယ်၊ အပြစ်လုပ်တယ်။ အဲဒီလို မိုက်မဲတဲ့ မိဘအပြစ်အကုသိုလ် အမျိုးမျိုးလုပ်တဲ့ မိဘကိုလည်း မပြစ်မှားရဘူးတဲ့။
မစော်လှန်ရဘူးတဲ့။

၅။ ဆရာဆေး - လောကီပညာ သင်ပေးတဲ့ ဆရာ၊ လောကုတ္တရာပညာ သင်ပေးတဲ့ ဆရာသမားကို မပြစ်မှားရဘူး။ ဆရာကို ပူဇော်ရတယ်။ ဆရာသမားကို ဂုဏ်ပြု ဖွဲ့ဆိုထားတဲ့ ဂါထာတွေ မန္တန်တွေကို ရွတ်ရတယ်တဲ့။

၆။ ဗြဟ္မာဆေး - မဟာသမယသုတ်၊ မေတ္တသုတ်၊ မဃ္ဃစကြာသုတ်တို့ကို ရွတ်ရတယ်တဲ့။

၇။ နတ်ဆေး - နတ်နဲ့ ပတ်သက်တဲ့ ဂါထာ၊ မန္တန်၊ ပရိတ်တို့ကို ရွတ်ရတယ်၊ ပါဠိလို မေတ္တာပို့ရတယ်တဲ့။ ပြီးတော့ပရိတ် (၁၁)သုတ်မှာ ဂါထာပရိတ်က (၉) သုတ်ပါတယ်တဲ့။ မန္တန်သုတ်က (၂) သုတ် ပါတယ်။ မောရသုတ်ဟာ မန္တန်ဖြစ်ပါတယ်။ မန္တန်ဖြစ်ကြောင်းကို "ဗြဟ္မမန္တ" လို့ အဋ္ဌကထာ

ပရိတ္တံ" လို့ပြထားတယ်တဲ့။ ဗောဇ္ဈင်္ဂသုတ်လည်း မန္တန်ပဲတဲ့။ "သြသဓေ္ဓ က္ကာဒံ မန္တံ ဗောဇ္ဈင်္ဂါ မန္တံ" လို့ ဆိုထား တယ်တဲ့။

၈။ ဝိဇ္ဇာဆေး - ဝိဇ္ဇာဆေးဆိုတာ ကျယ်ပြန့်လှပါ တယ်တဲ့။ ဝိဇ္ဇာကြီးဆေး၊ ဇော်ဂျီ ဆေး၊ တပသီဆေး၊ ဒီအထဲမှာ အင်း၊ အိုင်၊ ခါးလှည့်၊ ဓာတ်လုံး၊ ဂါထာ၊ မန္တန်၊ စမ၊ သံ၊ ပြဒါး၊ ကြေး၊ ဘော် စတဲ့ သတ္တုကို ဓာတ်စင် အောင် လုပ်နိုင်ရင် ဆေးဖြစ်တော့ တာပဲတဲ့။ "သယံဇာဗ္ဗေ ငွေ (ဆေး) ဖြစ်တယ်လို့ ပုဂံစာထွာ နစ်သစ် က ညွှန်းခဲ့ပြန်၊ လောကီဉာဏ် စာထွက်နဲ့ ရာသက်လုံး ကြိတ်ဖံ၊ ဓာတ်လေးထွေ အမုန်စင်ကာမှ..." လို့ ဆိုတယ်။ ဘိုးတော်ရွတ်ပြတာ အကုန်ကိုတော့ ကျုပ်မမှတ်မိဘူး"

၉။ နဂါး ဂဠုန် ကုမ္ဘဏ် ယက္ခဆေး -ဒါလည်း ခက်တာလည်း ရှိတယ်၊ လွယ်တာလည်း ရှိတယ်တဲ့။ ဒီဆေး ကျတော့ "မှော်" ပညာဆေးလို့ ခေါ်တယ်တဲ့။

သာဓက။ ။ ကိုကျောက်ခဲဟာ မြွေကိုက်တဲ့ဒဏ်ရာ

ကို သူ့အိတ်ရှုံ့ထဲက မည်းမည်းလုံးလုံး အလုံးတစ်လုံးကို ထုတ်ယူပြီး မီးကင်ကာ ဒဏ်ရာပေါ်သို့ တို့ထိပွတ်သပ်လိုက်၏။ ထိုအလုံးကိုပင် ရေနွေးနဲ့ စိမ်သောက်လိုက်ပြန်၏။ ခဏချင်းပင် ထမင်းစားပြီး ယာခင်းသို့ အလုပ်ဆင်းသွားလေတော့၏။ ကိုကျောက်ခဲကို မေးကြ၏။ "အဲဒါ ဘာအလုံးလဲ၊ ဘာနဲ့ လုပ်ထားသလဲ" "ဒါလား ဓာတ်လုံးခေါ်တယ်၊ ဘာဓာတ်လုံးဆိုတာတော့ ငါပြောခွင့်မရှိဘူး" ဆိုလေ၏။

## ဝိဇ္ဇာခိုင်ရဂိုဏ်းချုပ် ဆရာတော်ကြီးများ

ရက်ကန်းစင်တောင် ဆရာတော် ဦးသြဘာသအကြောင်းကို သူရဲ့ ထေရုပ္ပတ္တိတွင် ဖတ်ရှုလေ့လာနိုင်၏။ အလားတူ ဆရာတော် ဦးကောဝိဒအကြောင်းလည်း ထေရုပ္ပတ္တိရှိ၏။ ဖတ်ရှုနိုင်၏။ ဘိုးဘိုးအောင် ထေရုပ္ပတ္တိလည်းရှိ၏။

ဤအကြောင်းအရာတို့ကို ရေးသားလို့ မကုန်ဖြစ်တော့သည်။ ယခုဆက်လက် ရေးသားတင်ပြလိုသည်မှာ "ဝိဇ္ဇာတကယ်ရှိသလား" ဆိုသည်ကို "မယုံရင် ပုံပြင်မှတ်"၊ "အိပ်မက်လေလား တကယ်လား"၊ "ယုံသင့်မှယုံ"၊ "ချင့်ယုံ"၊ "ယုတ္တိယုတ္တာယုံ"၊ "ယုံမိရင် ပုံအပ်"၊ "မယုံရင် မကြည်၊ ယုံမှ ကြည်"၊ "ကြည်အောင်ယုံ"၊ "မယုံသူများယုံ"၊ "ယုံသူများ ပိုယုံ" စသည့် "ယုံစကြာ" ကို ဖော်မြူလာ(ခေါ်) ပုံသေနည်း ထုတ်ယူနိုင်ရန် ရည်ရွယ်ရင်းဖြစ်ပါသည်။ ပုံသေနည်းမှာ –

မယုံသင့်လို့ မယုံခြင်း၊
မယုံသင့်သည်ကို ယုံခြင်း၊
ယုံသင့်သည်ကို မယုံခြင်း၊
ယုံသင့်သည်ကို ယုံခြင်း။

ဤအချက်ကို ရှင်းလင်းပြရန် အထူး မရှိတော့ပါ။ မယုံသင့်သည်ကို မယုံသည်မှာ ကောင်း၏။ ယုံသင့်သည်ကို ယုံလျှင်ကောင်း၏။ မယုံသင့်သည်ကို ယုံလျှင်မကောင်း၊ ယုံသင့်သည်ကို မယုံလျှင်မကောင်း ဖြစ်လေ၏။

လူတို့သည် နှမ်းတွေ့ဒူးတွေ့ ခုနစ်ရက်သားသမီးပေါင်းစုံ လူမျိုးပေါင်းစုံ၊ တိုင်းရင်းသားပေါင်းစုံတို့၏ ကိုယ်တွေ့အဖြစ်အပျက်၊ မျက်မြင်၊ ကြားဖူးနားဝတို့ကို နှစ်ပေါင်းငါးဆယ် (၅၀) လေ့လာပြီးမှ ရေးသားတင်ပြခြင်းဖြစ်သည်။ တိကျမှန်ကန်မှု အပြည့်အစုံ ဟူ၍တော့ ဝန်မခံရဲပါ။ ပြည့်စုံခြင်းက နည်းပြီး လိုအပ်တာက များနေသေး၏။

# ပန်းပုဆရာကြီး ဦးကျော်မြင့်

ရက်ကန်းစင်တောင် ဆရာတော်၊ ရာကျော် ဆရာတော်၊ ဘိုးတော်အောင်မင်းခေါင်တို့ကို ပူဇော်သော ပန်းပုဆရာကြီး ဦးကျော်မြင့် ဆိုသူသည် ပန်းပုထုခြင်း ဝါသနာမပါသူ၊ ထုလည်းမထုတတ်သူဖြစ်နေလေ၏။ သို့သော် ပန်းပုဆရာဖြစ်လာလေ၏။ ထိုဆရာတော်၊ ဘိုးတော်တို့က ဓာတ်ချင်း၊ ဓာတ်စီး၍ သင်ပေးသောကြောင့် ပန်းပုထုတတ်လာသည်ဟု ပြောကြဖူးလေ၏။ အိပ်မက်ထဲတွင် ဝိဇ္ဇာဆရာတော်၊ ဘိုးတော်တို့က မိန့်ကြားသည်မှာ "ဟေ့ နန္ဒစိုး ပန်းပုဆရာကြီးဘဝကို မေ့နေပြီလား၊ ဘဝမမေ့နဲ့၊ မင်းပန်းပုဆရာပြန်လုပ်၊ ငါသင်ပေးမယ်၊ ပန်းပုထု ကိရိယာဖြစ်တဲ့ ဆောက်ကြီးငယ်၊ လွှကလေး၊ သံမဏိအချွန်၊ ဓားကလေး၊ တူ၊ ဆောက်ပုတ် စတဲ့ ကိရိယာတွေကို ဝယ်ထားပါ"ဟု ဆိုလေ၏။ "တပည့်တော် နာမည် မောင်ကျော်မြင့်ပါ။ နန္ဒစိုး မဟုတ်ပါဘူး"ဟု ဆိုလေ၏။ ဆရာတော်ဘိုးတော်တို့က "ဟုတ်ပါတယ်၊ မင်းဟိုဘဝတုန်းက နာမည်ကြီး ပန်းပုဆရာကျော် ကိုနန္ဒစိုးဖြစ်ခဲ့တယ်။ အခုဘဝတော့ လည်း ကိုကျော်မြင့်ပေါ့။ ကျော်မယ်မြင့်မယ် လုပ် - လုပ် လုပ်ပါ၊ စိတ်ကူး မလွဲနဲ့"ဆိုရာ "လုပ်မယ် လုပ်မယ်" ဆိုလေ၏။

ဦးကျော်မြင့်သည် ကိရိယာတန်ဆာတို့ကို ဝယ်ယူ၏။ ဝယ်ပြီး ကြောင်း ဘိုးတော်ကို တိုင်တည်၏။ ထိုညတွင် ဘိုးတော်က အိပ်မက် လာပေးပြန်၏။ "ဗုဒ္ဓဘာသာဝင်ဆိုတာ ပစ္စည်းတစ်ခုခုဝယ်ရင် လမိုင်း တင်ရတယ်ကွ၊ လမိုင်းတင်တယ်ဆိုပေမယ့် ဈေးထဲက ဟင်းချက်စရာ အသားငါး၊ ဟင်းသီးဟင်းရွက်ဝယ်တာလို အသေးအမွှားကိစ္စမှာတော့ မလိုပါဘူး။ ကိုယ့်အတွက် အရေးကြီးတဲ့ ပစ္စည်းဝယ်ရင်တော့ လိုတယ်ကွ၊ ဥပမာ - ဆောင်မားဆိုတဲ့ ထိုးခုတ် လှီးမားဝယ်တယ်ဆိုရင် လမိုင်းတင်ရ တော့မယ်။ ထိုးလို့ရ၊ ခုတ်လို့ရ၊ လှီးလို့ရတဲ့ မားပေါ့ကွာ၊ ငှက်ကြီးတောင် မားခေါ်တယ်၊ ပြီးတော့ အထူးစီမံစီရင်ထားတဲ့မားဖြစ်တဲ့ "ယိမ်းနွဲ့မား" စတဲ့ မားဆိုရင်ပိုပြီး ဂရုတစိုက် လမိုင်းတင်ရတယ်။ ဘုရားတင်၊ တရား တင်၊ သံဃာတင်၊ ဝိဇ္ဇာတင် မဟုတ်ဘူးနော်၊ လမိုင်းတင်တာ၊ လမိုင်း နတ်ကို တင်တာ။ လမိုင်းနတ်ကလည်း အများကြီး ရှိတယ်ကွ၊ မပြော တတ်ရင်၊ မသိရင် မားနဲ့ဆိုင်တဲ့ နတ်ကို "မားနတ်" ခေါ်တယ်၊ သူ့ကိုတင် ရတယ်။ အင်္ဂရတ် ဗိုထိုးတဲ့ ပုဂ္ဂိုလ်ဆိုရင် ဖားဗိုဖြစ်ဖြစ်၊ ဇော်ဂျီဗိုဖြစ်ဖြစ် အထူးလမိုင်းတင်ရတယ်။ အခုမင်းရဲ့ပန်းပုကိရိယာကိုကျတော့ ပန်းပုနဲ့ ပတ်သက်တဲ့ လမိုင်းနတ်ကို တင်ရတယ်။ ငါတင်ပေးလို့လည်း ရပါ တယ်။ ပိုကောင်းအောင် တင်ပေးလို့ရတယ်။ ဒါပေမယ့် "ဝိဇ္ဇာတင်" ဆိုတာမရှိဘူး။ "လမိုင်းတင်" လို့သာရှိတယ်။ ပြီးတော့ "ဝိဇ္ဇာမကပ်ပါဘူး" ဆိုတာမရှိဘူး။ "လမိုင်းမကပ်ဘူး" ဆိုတာပဲ ရှိတယ်။ အုန်းပွဲငှက်ပျောပွဲ တင်ပြီးတော့ ကွက်စိပ်လက်္ကာနဲ့စပ်ထားတဲ့ လမိုင်းတင် အမွှန်းလက်္ကာကို ရွတ်ရတယ်။ မရွတ်တတ်လို့ရှိရင် လိုရင်းတိုရှင်း "ငါ၏ဥစ္စာ၊ ပန်းပု ကိရိယာ လမိုင်း မဆိုင်းမတွ ကပ်ဆရာကပ်၊ ချင်းဆရာချင်း" လို့ သုံးခါပြော တင်လိုက်ကွာ၊ ပြီးရော" ဆိုလေ၏။ ဦးကျော်မြင့် သဘောပေါက်၍

လမိုင်းပွဲ ပြီးစီး၏။

ဦးကျော်မြင့်သည် လမိုင်းတင်ပြီးကြောင်း တိုင်တည်ပြန်၏။ အိပ်မက်ထဲတွင် ဘိုးတော်က မိန့်ပြန်၏။ "သစ်သားခပ်ပွပွ မကြီးမငယ် ရှာထား၊ ထုချင်တဲ့ ပန်းပုရုပ် ဘုရားဆင်းတုတော် အရင်ထု၊ မင်းဘယ် လက်နဲ့ဆောက်ကို ဖွဖွကလေးကိုင်ထား၊ ညာဘက်က နှစ်ပေါင်တူကလေး ကိုင်ထား အလိုက်သင့် ငါခေါက်ချင်းပြီး ထုပေးမယ်။ သင်ပေးမယ်။ သင်တန်းပေါ့ကွာ" ဆိုလေ၏။ ဤနည်းနှင့်ပင် ဦးကျော်မြင့် ပန်းပုဆရာ ဖြစ်လာ၍ ကုသိုလ်လည်းရ ဝမ်းလည်းဝ ဖြစ်သွားလေ၏။

# ဘုရားဖူးမလား ရွှေယူမလား

လွန်ခဲ့သော နှစ်ပေါင်း (၅၀)ကျော်တုန်းက ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၏ တောင်ဘက်တွင် "ကျွန်းပင်သာရပ်ကွက်" ရှိလေ၏။ တစ်ရပ်ကွက်လုံးတွင် ကျွန်းပင်ကြီးများ ပြည့်နှက်နေ၏။ ဧရာဝတီမြစ် အထိ ကျယ်ဝန်းသော ကျွန်းတောဖြစ်၏။

ထိုစဉ်က မလှကြည်ဆိုသူ အမျိုးသမီး တစ်ယောက်သည် ကျွန်းဖက်(ကျွန်းရွက်)ကိုကောက်၍ ရောင်းစားခြင်းဖြင့် အသက်မွေး၏။ သားသမီးတို့ကို လုပ်ကျွေး၏။ မလှကြည်သည် ဘိုးတော်တို့ကို ယုံကြည်၏။ ဂါထာမန္တန်မျိုးစုံ ရွတ်တတ်၏။ ဘုရားရှိခိုးအမျိုးမျိုးရှိခိုးတတ်၏။ မေတ္တာလည်း အလွန်ပို့၏။ ပုတီးလည်းစိပ်၏။ သို့သော် ဆင်းရဲ၏။ တစ်နေ့သော အခါ မလှကြည် ကျွန်းဖက်ကောက်နေစဉ် ဘိုးတော်အောင်မင်းခေါင် ရောက်လာ၍ ပါးရိုက်လိုက်၏။ ပါးရိုက်ပြီးနောက် ပြောဆိုလေ၏။ "နင် ရွှေယူမလား၊ ဘုရားဖူးမလား ပြော" ဆိုလေ၏။ မလှကြည်က ဆို၏။ "အကောင်းဆုံး ပြောရရင် ရွှေလည်းရ၊ ဘုရားလည်းဖူးရင်ကောင်းတယ်" ဆို၏။ ထိုအခါ ဘိုးတော်က ပါးထပ်ရိုက်ပြန်၏။ "လောဘလည်း ကြီး

မာနလည်းကြီးလို့ နင် ဆင်းရဲတာ" ဆို၏။ ဘိုးတော်က ပါးထပ်ရိုက်မယ် ပြုရာ "ဘုရားပဲ ဖူးပါတော့မယ်၊ ရွှေမယူတော့ဘူး" ဆိုလေ၏။ ထိုအခါ ဘိုးတော်က ဆို၏။ "ကျွန်းပင်ကြီးရဲ့အထက် ကောင်းကင်ကို ကြည့်လိုက်စမ်း" ဆို၏။ မလှကြည်က မော့ကြည့်သော် ကောင်းကင်တွင် သီတင်းသုံးနေသည့် "ရွှေစေတီတော်" နှစ်ဆူကို ဖူးရလေ၏။ ဘိုးတော်က ဆို၏။ "ဘုရားဖူးရတာကို ဘုရားဖက်တယ် ခေါ်တယ်။ ဒါကြောင့် ဘုရားဖက်တော့ အသက်ရှည်၊ တရားဖက်တော့ အမျက်ပြေ၊ သံဃာဖက်တော့ အခက်ဝေ" ဆိုတယ်။ "နင်က အသက်ရှည်တော့မယ်" ဟုဆိုကာ ကွယ်သွား လေတော့၏။

ဒေါ်လှကြည်ကို မေးမြန်းကြည့်သော် "၁၃၀၀ ပြည့်နှစ်မှာ ထကြွတဲ့ တောင်သူလယ်သမားခေါင်းဆောင် ဆရာစံကို အင်္ဂလိပ် သတ်တဲ့နှစ်မှာ ကျွန်မ အသက်ရှစ်နှစ်ရှိပြီ" ဆိုလေ၏။ ဒေါ်လှကြည်သည် ယခုထက်တိုင် အသက်ထင်ရှားရှိနေလေ၏။ ကျန်းမာရေးသိပ်မကောင်း ရှာတော့ပါ။ သားသမီးများ၏ နေအိမ်သို့ တစ်လှည့်စီ ပျော်ရွှင်စွာ နေထိုင်နေလေ၏။ ခန့်မှန်းအသက် (၉၅)နှစ်ရှိပြီဟု ပြော၏။

## ရွှေငွေရတနာလိုချင်ရင်

"လူ့ပြည်၊ နတ်ပြည်၊ ဗြဟ္မာပြည်၊ ဝိဇ္ဇာပြည်၊ နဂါးပြည်၊ ဂဠုန်ပြည်မှာ အဖိုးအနဂ္ဃထိုက်တန်တဲ့ ရတနာအမျိုးမျိုးရှိတယ်။ ပတ္တမြားဆံကြိုး အဖိုးပြည်တန်၊ ပတ္တမြား ငမောက် လူလက်ရောက်၊ ကျွန်သဘောက်ဟဲ့၊ ပြည်တန်ပတ္တမြားမှာ ဆံပင်အရွယ် ကြိုးပတ်နေတာကိုခေါ်တာ။ ဒါကို မသိတဲ့လူတွေက အနာပါတယ် ပြောကြတယ်။ နားလည်တဲ့လူကျတော့ ပြည်တန်ပတ္တမြားလို့ဆိုတယ်။ ပတ္တမြားငမောက်ရရှိရင်တော့ စာရိတ္တပျက်ရင် သိက္ခာချို့ယွင်းရင် ရတဲ့ပုဂ္ဂိုလ်၊ ရတဲ့နိုင်ငံဟာကျွန်ခံရတတ်တယ်။ ကျွန်တောင်မှ ကျွန်သဘောက် ကျွန်ရဲ့သားပေါက်ခေါ်ကြတယ်။"

အထက်ပါစကားကို ဘိုးတော်တစ်ပါးက သူ့တပည့်ကို ပြောပြတဲ့စကားဖြစ်ပါသည်။ ဦးကျော်မိုးဆိုသူသည် ကျောက်စိမ်းကုန်သည်ဖြစ်၏။ ကျောက်အောင်သောကြောင့် ကုသိုလ်လည်းတော်တော် ပြုသူဖြစ်လေ၏။ ဝိဇ္ဇာဘိုးတော်ကို ယုံကြည်စွာ ပူဇော်သူဖြစ်၏။ မင်းသူဌေး

ကြီး မဖြစ်ချင်နဲ့ သူဌေးကလေးဖြစ်အောင်တော့ ငါကူညီမယ်။ လှူပြည် နတ်ပြည် ဂဠုန်ပြည်မှာရှိတဲ့ ရတနာအမျိုးမျိုးထက် မြတ်တဲ့ ဘုရားတရား သံဃာကို ကိုးကွယ်ပါ။ ရတနာစောင့် နာမ်လောကသားတို့ကို ပူဇော် ဗလိနတ်စာကျွေးပါလို့ ရတနသုတ်မှာ ဟောထားတယ်။ ရတနာကို လို ချင်ရင် ရတနသုတ်များများ ရွတ်ရတယ်။ မင်္ဂလာသုတ်နဲ့ တွဲရွတ်။ မေတ္တာ သုတ်နဲ့ တွဲရွတ်၊ ခန္ဓသုတ်နဲ့ တွဲရွတ်ရတယ်" ဆိုလေ၏။

ဦးကျော်မိုးက ဘိုးတော်မိန့်သည့်အတိုင်း စရဏပြု၏။ ရှင်တစ် ထောင်ပြုပွဲ ကျင်းပနိုင်လေ၏။

## ဗိုလ်မှူးဖူးကွန်နော်နှင့်ဘိုးတော်

အစိုးရတပ်မတော် တပ်ရင်း( )တွင် ဒု-တပ်မှူး ဗိုလ်မှူး ဖူကွန် aemf(HPAKAWN NAW) ဆိုသူထံသို့ ဘိုးတော်တစ်ပါး ကြွလာ၍ အမိန့်ရှိလေ၏။ "အော် မင်းက မွန်အမျိုးသမီးနဲ့ယူပြီး ဗုဒ္ဓဘာသာ ဝင်လာတာကိုး၊ အရင်ကတော့ ခရစ်ယာန်။ ခရစ်ယာန်ဘာသာကိုလည်း ယုံရင်လည်းဝင် မယုံရင်လည်း ဝင်ခဲ့ပြီ။ ကောင်းပါတယ်။ အခု ဗုဒ္ဓဘာသာကိုလည်း ယုံရင်လည်းဝင်၊ မယုံရင်လည်းဝင် ကောင်းပါတယ်။ ပိုယုံ ပိုကောင်းတယ်။ မယုံတယုံ တော့ သိပ်မကောင်းဘူး။ ငါက ရဟန္တာမဟုတ်ဘူး။ ဝိဇ္ဇာဖြစ်ပါတယ်။ မင်းကို ဓာတ်လုံးပေးမလို့ လာခဲ့တာ။ ရော့ ရော့ ဓာတ်လုံးဆောင်ထားရင် ကောင်းတယ်။ နောက် တဖြည်းဖြည်း သိလာမယ်" ဆိုလေ၏။ ဗိုလ်မှူးကတော်ကိုလည်း တစ်လုံးပေး၏။ မက်မောခံ့မင်ဖွယ် ပြောင်ပြောင်ဝင်းဝင်း ဓာတ်လုံးဖြစ်၏။

ဗိုလ်မှူးကတော်သည် ဓာတ်လုံးတစ်လုံးကိုယူ၍ ပန်းထိမ်ဆရာကိုပြ၏။ ပန်းထိမ်ဆရာက ပြော၏။ "ဗိုလ်မှူးကတော် ဒီဓာတ်လုံးကို ရောင်းမလား၊ ဘယ်လောက်နဲ့ရောင်းမလဲ၊ ပြောပါ။ ဒါမှမဟုတ်

ကျွန်တော် ပေးသလောက် ယူမလား။ ကျွန်တော်က (၇၀ဝ/ – ခုနစ်ရာကျပ်) ပေး မယ်" ဆိုလေ၏။ "ပန်းထိမ်ဆရာ ပေးသလောက်ပဲ ယူပါမည်" ဟု ဗိုလ်မှူးကတော်ကဆို၏။ "ဗိုလ်မှူးကတော်မှာ ဒီလိုဓာတ်လုံးမျိုး နောက်ထပ်ရှိရင်လည်း လာရောင်းပါ။ ကျွန်တော်ဝယ်ပါမယ်" ဆိုလေ၏။ဗိုလ်မှူးရတဲ့ဓာတ်လုံးကို ရောင်းပြီး သူ့ဓာတ်လုံးကိုတော့ မရောင်းစားတော့ပါ။

## ဆွေမျိုးဖြစ်လို့ မပေးဘူးကွ

ဗိုလ်မှူး ဖူကွန်နော်တို့ အိမ်တွင် ဘိုးတော်ရောက်နေသော ကြောင့် ဗိုလ်မှူးနှင့်ဇနီးတို့က မခင်အေးကို ထမင်းချက်ကူရန် အကူ အညီတောင်းလေ၏။ မခင်အေးက ဗိုလ်မှူးဖူကွန်နော်၏ တူတော်သူ၏ ဇနီးဖြစ်၏။

ဘိုးတော်ကို ဆွမ်းကပ်ပြီးနောက် လူတို့က ထမင်းစားကြ လေ၏။ သို့သော်လည်း မခင်အေးက မစားသေးဘဲ မီးဖိုချောင်တွင် ဝေယျာဝစ္စ လုပ်နေ၏။ ထိုအခါ ဘိုးတော်က "တနင်္ဂနွေသမီး လာခဲ့ဦး၊ ဒီကို" ခေါ်လေ၏။ ထမင်းစားနေသူတို့တွင် တနင်္ဂနွေသမီးတစ်ယောက်မှ မပါ၍ မည်သူတစ်ဦးတစ်ယောက်မှ မထူးကြ၊ မထလာကြပါ။ ဘိုးတော် က ထပ်မံ၍ "တနင်္ဂနွေသမီး လာခဲ့ပါဆိုနေ" ဆို၏။ ထိုအခါ မခင်အေးက လှုပ်ရှားလာ၏။ လူကမလှုပ်ရှား စိတ်ကလှုပ်ရှားလာလေ၏။ "ငါက တနင်္ဂနွေသမီးဘဲ၊ ငါ့ကို ခေါ်တာထင်တယ်၊ သွားတော့မှ ဖြစ်တော့မယ်" ဟု ဆုံးဖြတ်လိုက်ပြီး ဘိုးတော်ထံသို့ ထသွားလေ၏။ ထိုအခါ ဘိုးတော်

က စေ့စေ့ကြည့်၍ "မင်း ငါ့ကို မှတ်မိရဲ့လား၊ မှတ်မိမှာမဟုတ်ဘူး။ ငါ ထွက်လာတုန်းက နင်က ငယ်သေးတယ်။ ရန်ကုန်ဘဏ်တိုက်မှာအလုပ် လုပ်တဲ့ ညီအစ်ကို နှစ်ယောက်ရှိတယ်လေ။ အကြီးကောင်က ကိုကိုကြီး၊ အငယ်ကောင်က ကိုကိုလေး အလုပ်လုပ်ရင်း ငါ့ကို ဘိုးဘိုးအောင်က ခေါ်သွားလို့ တစ်ဆွေတစ်မျိုးလုံး တမျှော်မျှော်နဲ့ သေသလား ရှင်သလား အခုထက်ထိ သိကြမှာ မဟုတ်ဘူး။ ငါပြန်မလာလို့ ရက်လည်ထားကြ၊ ကောင်းမှုလုပ်ပြီး အမျှဝေကြတယ်။ ငါရပါတယ်၊ မပြန်လမ်းကို ရောက် နေပြီ၊ အိမ်ပြန်လာရင် ရှုပ်ကြဦးမယ်။ နင့်ကိုပေးချင်ပါတယ်။ ဓာတ်လုံး ရော ရွှေရော ငွေရောပေါ့။ ဒါပေမယ့် ဆွေမျိုးဖြစ်လို့ မပေးဘူးကွ၊ မယုံ ရင် ဒီမှာ ကြည့်" ဆိုပြီး ဘယ်ဘက်ချိုင်းကြားထဲက "စံလင်း" ငွေစက္ကူ ထုပ်တစ်ထုပ်၊ ပေါင်ကြားထဲက ငွေစက္ကူတစ်ထုပ် ထုတ်ပြ၏။ ရာတန် ငွေစက္ကူဖြစ်၏။ မခင်အေး အံ့ဩမကုန် ရင်တုန်ပန်းတုန်ဖြစ်သွား၏။

မခင်အေးက ငေးငိုင်နေရာမှ "ဒါဆို ကိုလေးက ကိုလေးဆို တော့ ကျွန်မ အစ်ကိုပေါ့" ဆိုလေ၏။ ထိုအခါ ဘိုးတော်က ဆိုပြန်၏။ "ဟုတ်ပါတယ်။ ရန်ကုန် မအူကုန်းမှာ နေတာလေကွာ" ဆိုလေ၏။ မခင်အေးက မျက်ရည်ကျ၏။ ငွေလည်းမရ၊ ဓာတ်လုံးလည်း မရသော် လည်း ဆွမ်းချက်ကပ်လိုက်ရသည်ကို ကျေနပ်သည်ဟု ဆို၏။

ဘိုးတော်က ဆို၏ "ဆွေမျိုးနဲ့တွေ့ပြီ၊ ဆွမ်းလည်း စားပြီးပြီ၊ ငါ့ခရီး ငါဆက်ရတော့မယ်" ဆိုကာ ရာတန် "စံလင်း" ငွေစက္ကူနှစ်ထုပ် ပြန်ကောက်ယူကာ ကြွသွားလေတော့၏။ "နေပါဦး ဘိုးတော် ကန်တော့ ခံပါဦး" လို့ ဆိုလို့လည်း မရတော့ပါ။

(ဗိုလ်မှူး ဖူကွန်နော်သည် ဖြူးမြို့အရှေ့ဘက်ရှိ ( )ရွာတွင် စေတီ ဘုရား တစ်ဆူတည်၏။ ဖြူးမြို့၏ အနောက် "မြသိန်းတန်စေတီ

တော်"လမ်းကို ယန္တရားစက်နှင့်ထိုး၍ ပြုပြင်ခဲ့ပြီး၊ အငြိမ်းစားယူသွားလေ၏။ မကြာခင် မျက်စိကွယ်သွား၏။ မျက်စိကွယ်လာ၍ စိတ်အာတော်ညစ်သွားပြီး တစ်ဘဝသို့ ကူးပြောင်းသွားလေ၏။ ကျန်ရစ်သော ဇနီးသား သမီးတို့လည်း အဘယ်အရပ်သို့ သွားရောက်ကြသည်ကို မသိရတော့ပါ။ သတင်းမကြားတော့ပါ။ မခင်အေးသည် ယခုအခါ အသက်(၇၀)ကျော်ရှိနေပြီး ရန်ကုန်မြောက်ပိုင်း မင်္ဂလာဒုံ ပလရ(ခ) အိမ်ခြေ(၁၀၀)၊ အိမ်အမှတ် (၁၀၀) တွင် အသက်ထင်ရှား နေထိုင်နေ၏။ ဆင်းရဲပင်ပန်းမည် ထင်၏။ ဒေါ်ခင်အေး၏ ခင်ပွန်းလည်း ရဟန်းဘောင်သို့ တက်ရောက်သွားကာ ဇနီးဒေါ်ခင်အေးနှင့် သားသမီးတို့ထံ မပျံလွန်ခင် အလည်ကြွဦးမည်ဆိုကာ ကြွသွား၏။ ဇနီး သားသမီးတို့ လက်ထဲတွင် ကောက်ကာငင်ကာ ပျံလွန်သွားလေ၏။ (သက္ကရာဇ် ၂၀၀၃ ခုနှစ်တွင် ပျံလွန်တော်မူလေ၏။)

## ဝိဇ္ဇာကို ယုံပါတယ်

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ဧရာဝတီမြစ်ကမ်းနား "ဧရာ ရပ်ကွက်"တွင် ဒေါ်မြမေဆိုသူ ရှမ်းကပြား အမျိုးသမီးကြီး ရှိလေ၏။ ရှိရှိ သမျှ ဝိဇ္ဇာကို ယုံကြည်ပါတယ်ဟု ဆို၏။ ၎င်း၏အိမ်တွင် ဝိဇ္ဇာတို့ကို ပူဇော်တဲ့ အုန်းပွဲ ငှက်ပျောပွဲ မပြတ်ရှိလေ၏။

တစ်နေ့သောအခါ ဒေါ်မြမေထံသို့ ဝိပဿနာ တရားပြနေ သော ဦးညွန့်မောင်ဆိုသူ အလည်အပတ် ရောက်လာ၍ စကားပြောကြ လေ၏။ "ကြီးကြီးမေက ဝိပဿနာတရားအားထုတ်နေပြီးတော့ ဘာဖြစ် လို့ ဝိဇ္ဇာကိုးကွယ်နေတာလဲဗျာ၊ ကျွန်တော်ဖြင့် နားမလည်ပါဘူး"ဆို လေ၏။ ထိုအခါ ဒေါ်မြမေက ပြော၏။ "ဆရာရယ် ဝိဇ္ဇာကို ကိုးကွယ်မှ ဖြစ်မှာပေါ့၊ အဝိဇ္ဇာကို ကိုးကွယ်လို့ ဘယ်ဖြစ်မလဲ၊ ဝိဇ္ဇာဆိုတာ လောကီ ဝိဇ္ဇာ လောကုတ္တရာဝိဇ္ဇာ ရှိတယ်မဟုတ်လား၊ လောကီလိုချင်ရင် လောကီ ဝိဇ္ဇာကိုးကွယ်၊ လောကုတ္တရာတရားလိုချင်ရင် လောကုတ္တရာဝိဇ္ဇာကို ကိုးကွယ်ရမှာပေါ့"ဆိုလေ၏။ ဦးညွန့်မောင် တွေဝေသွား၏။

ဝိပဿနာ ဆရာကြီး ဦးညွန့်မောင်သည် နောက်ထပ်၍ ဒေါ်မြမေ

အိမ်သို့ တစ်ကြိမ်တစ်ခါမှ မလာတော့ပါ။ ဒေါ်မြမေသည် "ငါက ဝိဇ္ဇာ၊ ဆရာတော်၊ ဘိုးတော်တို့ကို လှူမလို့၊ မင်းတို့ (၇)ရက်သားသမီးတို့ထံမှ ငွေအလှူခံပါတယ်၊ တတ်နိုင်သလောက် ထည့်ဝင်ကြပါ" ဆိုလျှင် ဝိဇ္ဇာ ယုံသူတို့ က ငွေထည့်ဝင် လှူဒါန်းကြလေ၏။ အလှူခံရရှိသော ငွေနှင့် ဝိဇ္ဇာတို့၏ တပည့် ရဟန်းတော်တို့ကို ကံထပ် သိမ်ဝင် ရဟန်းခံပေးလေ၏။ ဝိဇ္ဇာတို့၏တပည့် လူသားတို့အား ဒုလ္လဘရဟန်းခံပေးလေ့ရှိ၏။

ထူးဆန်းသော ကချင်ကလေးကို ရဟန်းခံပေးမည်ဟု ပြောရာ ထို ကချင်ကလေးက "ကျွန်တော်ဟာ (၇)ရက်သားသမီးထဲမှာ မပါလို့ မဝတ်ပါရစေနဲ့ခင်ဗျာ" ဆိုလေ၏။ ဒေါ်မြမေက စိတ်မကြည်လင်ဟန်ဖြင့် ပြောပြန်၏။ "မင်းဘာယ်လို ပြောလိုက်တာလဲ ကောင်ကလေး" ဆိုလေ၏။ ကချင်ကလေးက ထပ်ပြောပြန်၏။ "ကြီးကြီးမေ ခင်ဗျား၊ ကျွန်တော်ဟာ မိခင်ဝမ်းထဲက ကျွတ်ကတည်းက မိခင်နို့ကို လုံးဝမစို့ပါ။ အိမ်ထောင်သည် အဒေါ်များ၊ အစ်မများရဲ့ နို့တိုက်ပေမယ့်လည်း မစို့ပါ။ နွားနို့၊ ဆိတ်နို့၊ ကျွဲနို့နဲ့ နို့ဘူး၊ နို့ပါတဲ့ မုန့်အမျိုးမျိုးကို မသောက်မစားခဲ့ဘူး။ အချိုရည်ပါတဲ့ ဟင်းသီးဟင်းရွက်နဲ့ ထမင်းပျော့၊ ဆန်ပြုတ်သာ စားပြီး ကြီးလာတယ်။ လူနို့မစို့လို့ လူစာရင်းထဲ မပါဘူး။ ပြီးတော့ လူဆိုရင် အသားဟင်း ငါးဟင်းစားရတယ်။ ကျွန်တော်က မစားဘူး။ စားရင် ဗိုက်အောင့်တယ်။ မူးမော် အော့အန်တယ်၊ ဝမ်းလျှော (ဝမ်းရော)တယ်။ ဒါပေမယ့် မိဘ ညီအစ်ကို ဆွေမျိုးတို့က မစားရင်ရိုက်ဆူဆဲ၊ ကြိမ်းမောင်းလို့ အသား ငါးကို စားခဲ့တယ်။ ဒါကြောင့် ကျွန်တော် မကျန်းမာဘူး။ ရဟန်းဘောင်ကို ဝင်ရင်လည်း အသားဟင်း ငါးဟင်း စားရမှာကို ကျွန်တော်မလိုလားဘူး" ဟု ဆိုလေ၏။ ဒေါ်မြမေက ပြောပြန်သည်မှာ "ဪ ဒီလိုလား မသိပါဘူးကွယ်။ သက်သတ်လွတ်စားတဲ့ ဘုန်းကြီး

ကျောင်းတွေ ရှိတယ်ကွယ့်၊ အဲဒီကျောင်းမှာ ဝတ်ပေးမယ်"ဆိုလေ၏။ ကချင်ကလေးသည်နောက် မကြာခင် သက်သတ်လွတ်စားသည့် ရှမ်းဘုန်းကြီးထံ၌ ရဟန်းခံ သွားလေတော့၏။ နောက်များမကြာမီ ကချင်ကလေး ရဟန်းငယ်အား ဝိဇ္ဇာများ လမ်းညွှန်၍ တောတောင်ဂူသို့ ဝင်သွားတော့၏။ ထိုကချင်ကလေး ရဟန်းတော်အား ဝိဇ္ဇာတို့သည် သမထလမ်းနှင့် ဝိပဿနာလမ်း နှစ်မျိုးစလုံးကို တွဲကျင့် နည်းသင်ပေးကြလေ၏။ ယခုအခါ ထိုကချင်ကလေး ရဟန်းတော်အား လူသူ (၇) ရက်သားသမီးတို့ တွေ့သူ ရှိ၏။ မတွေ့သူရှိ၏။ တွေ့သူတို့က အမျိုးမျိုး သမုတ်ကြလေတော့၏။ ရဟန္တာ၊ ဈာန်ရ၊ ဝိဇ္ဇာ၊ သိဒ္ဓိရှင်၊ တန်ခိုးရှင်၊ မှော်ဘုန်းကြီး၊ အကြားအမြင်ရ၊ ရဟန်းဇေဒင် ဘုန်းကြီး၊ အရူးဘုန်းကြီး စသည်ဖြင့် သမုတ်ကြလေ၏။

ထိုကချင်ဘုန်းကြီးက မိန့်လေ့မိန့်ထရှိသည်မှာ "လူဖြစ်တာ တရားရဖို့၊ ဥစ္စာပစ္စည်းရဖို့မဟုတ်ဘူး၊ ဆွေမျိုးဆိုးမြွေ၊ မိတ်ဆွေမြွေဆိပ်၊ ထူးအောင်ကျင့်၊ အောင်ရင်အရှုံးလိုနေ၊ လွယ်ရင် လွဲတတ်တယ်၊ ခက်လျှင် ထက်တတ်တယ်၊ ချစ်ပါ မနှစ်နှင့်၊ မချစ်တတ်လျှင် အသာကလေးနေပါ၊ တပည့်သတ်ရင် ပိုသေတတ်တယ်၊ အစရှိ အစိုးရ၊ အလုတိုး မရှိကြ၊ အကျွေးလုပ်ပါ၊ အကြွေးမလုပ်နှင့် .... စသည်တို့ ဖြစ်လေ၏။ စေတီသစ် စေတီဟောင်းပေါင်း (၅၀)ကျော် တည်၏။ ပြင်၏။

## ဝိဇ္ဇာတပည့် ဦးဇော်ဝင်း

ဦးဇော်ဝင်းသည် ဝိဇ္ဇာတို့နှင့် ခဏခဏ တွေ့ဆုံဖူးလေ၏။ အထက်ဂိုဏ်းတော်သား တစ်ဦးဖြစ်၏။ ရိုးရိုးအေးအေးလေးသာ နေထိုင်လေ၏။ အသက်(၈၀)နီးပါး ရှိလေပြီ။ ဦးဇော်ဝင်းနှင့် စကားပြောလျှင်လည်း ဝိဇ္ဇာများအကြောင်း ပြောလာလျှင် စကားလိုးလွဲပြောသည်က များ၏။ "ဝိဇ္ဇာစကား ပြိတ္တာနားမည် သမာဓိရှိလျှင် ဝိဇ္ဇာမြင်၊ ဝိဇ္ဇာမြင်မှ လမ်းစမြင်၊ မြင်တဲ့လမ်းလျှောက် ရှာကိုရောက်" စသည့် စကားဆန်းတို့ကို ပြောဆိုတတ်၏။ မထင်မရှားသာနေထိုင်၏။

မြစ်ကြီးနားမြို့ ရောရပ်ကွက်တွင် နေထိုင်၏။ ဓမ္မမိတ်ဆွေလည်း မပေါ်များရှာပါ။ ဓမ္မမိတ်ဆွေများတော့ စကားများ၊ အမှားပါမည်ကို ကြောက်ဟန်တူလေ၏။

"ဝိဇ္ဇာ တကယ်ရှိသလား" မေးခွန်းကို ဦးဇော်ဝင်း ဖြေဆိုတာက "ဝိဇ္ဇာရှိတာပေါ့ဗျာ၊ ဗုဒ္ဓဘာသာဆိုတာ ဝိဇ္ဇာဘာသာပဲလေ၊ လောကုတ်ဝိဇ္ဇာဖြစ်ရင် နိဗ္ဗာန်သွားတယ်၊ လောကီဝိဇ္ဇာဖြစ်ရင် သာသနာ ပြုတယ်၊ သတ္တဝါကယ်တယ်၊ များသောအားဖြင့် လောကီဝိဇ္ဇာဆိုတာ ဘုရားဆုပန်ကြတာများတယ်၊ ဝိဇ္ဇာဖြစ်ရင် ပါရမီဖြည့်လွယ်တယ်၊ ဒါကြောင့်

ဗုဒ္ဓဂိုရဆိုတဲ့ ဘုရားလောင်းတွေဟာ ဝိဇ္ဇာဖြစ်အောင် ကျင့်ကြံကြတယ်၊ ဝိဇ္ဇာရှစ်သောင်း (၈၀၀၀၀)ဆရာအပေါင်းဆိုတဲ့ ဝိဇ္ဇာဘိုးတော် ၆၀% ရာခိုင်နှုန်းတို့ဟာ ဘုရားဆုပန်ကြီးတွေဖြစ်တယ်။ ဥပမာ - ရက်ကန်း စင်တောင်ဆရာတော်၊ ဘိုးဘိုးအောင်၊ ဘိုးတော်အောင်မင်းခေါင် စသည် တို့ ဖြစ်တယ်။ ကျွန်တော်က ဝိဇ္ဇာတပည့်လို့ ခံယူထားပေမယ့် သမထ ဝိပဿနာ တရားနှစ်ခု နှစ်မျိုးစလုံးကို ကောင်းကောင်း နားမလည်သေး ပါ။ ကျွန်တော်နားလည်တာက သမထဆိုတာ "တည်ငြိမ်တာ"ကို ခေါ်တယ်။ ဝိပဿနာဆိုတာက "တည်ငြိမ်"တာ မရှိ၊ "ဖြစ် တည် ပျက်" ကို ဆိုတယ်။ ကျွန်တော်ဟာ "ဖြစ်တည်" ကို အလိုရှိတယ်။ ဒါပေမယ့် ကျွန်တော့်မှာ မိန်းမ သား သမီး မြေး မြစ်တောင်ရှိနေပါပြီ၊ "ပျက်တာ ပါပဲ" ဆိုလေ၏။

"ဦးဇော်ဝင်း ဝိဇ္ဇာကို ကိုယ်တိုင်ကိုယ်ကျ မြင်ဖူးပါသလား"ဟု မေးရာ "ဟာ မြင်ဖူးတာပေါ့၊ ဝိဇ္ဇာကို အနည်းဆုံးခြောက်ပါး ဖူးဖူးတယ်ဗျ၊ ရဟန်းဝိဇ္ဇာရော လူဝိဇ္ဇာရောပဲ"ဆိုလေ၏။ "ဝိဇ္ဇာက ဘယ်လို ကြွလာ တာလဲခင်ဗျာ"၊ "အခန်းအပေါ် မျက်နှာကြက်က ဆင်းလာ၊ ထွက်လာ တယ်၊ မျက်နှာကြက်က မပေါက်မပြဲဘူး၊ သော့ခတ်ထားတဲ့ အခန်းထဲ ကို သော့မဖွင့်ဘဲ ဝင်လာတယ်၊ ထွက်သွားတယ်၊ ရှေ့တင်ပဲ၊ "ဝုန်း"ဆို ရောက်လာပြီး စကားပြောပြီး၊ တရားဟောပြီးရင် "ဝုန်း"ဆို ရှေ့တင်ပဲ ပျောက်သွားတယ်။ ဝိဇ္ဇာတို့ကျွေးတဲ့ ပန်းသီး၊ ငှက်ပျောသီး၊ ဆေးမှုန့်၊ ဖယောင်းတိုင်တွေလည်း ရဖူးတယ်ဗျ"ဆိုလေ၏။ "ဝိဇ္ဇာတို့က ဘာလုပ် ဘာကျင့်နိုင်းသလဲဗျ"၊ "များသောအားဖြင့် ပုတီးစိပ်ခိုင်းတာများပါတယ်" ဆိုလေ၏။

# အပြတ်ပြောတတ်တဲ့ မောင်ပါကြီးနဲ့ ဘိုးတော်တွေ့ဆုံခြင်း

ကျယ်လည်း ကျယ်ဝန်း ရှည်လည်း ရှည်တဲ့ ရွာတန်းရှည်ကြီး တစ်ရွာမှာ အရှေ့ကျောင်း၊ အနောက်ကျောင်း၊ တောင်ကျောင်း၊ မြောက်ကျောင်း၊ ရွာလည်ကျောင်းဆိုပြီး ကွဲပြားတည်ရှိကြသည်။ တစ်ရွာထဲမှာ မတည့်အတူနေ ခလေ့မတူပေ အခြေအနေ ဖြစ်ကြတယ်။ ရွာရဲ့သာရေး နာရေး ဘာသာရေး၊ ကျန်းမာရေး၊ ပညာရေးစတဲ့ အရေးအရာတွေ ကိစ္စအမျိုးမျိုး ပေါ်လာရင် ဖြေရှင်းအောင်မြင်ဖို့ ခက်လာသည်။

ရွာမြောက်ပိုင်းမှာ မောင်သိုင်း၊ ရွာတောင်မှာ မောင်ပါဆိုပြီး တဘောင်လိုလို စနဲလိုလို စကားကို လူကြီးလူငယ် မိန်းမယောကျ်ားတို့ တတွတ်တွတ် ရွတ်ပွားလာကြတယ်။ သိပ်တော့ မကြာသေးပါ။ မကြာ ဆိုပေမယ့် သုံးလေးနှစ်တော့ရှိပြီ။ ခနိုးခနဲ့ ဖြစ်ကြ၊ စောင်းကြမြောင်းကြ တွေ့ကြငြေ့ကြသည်။ အဆိုးဆုံးကတော့ တောင်ပိုင်းက မောင်ပါ ပါပဲ "ပါ နှစ်ပါ" ရှိသည်၊ "ပါကြီး" နဲ့ "ပါကလေး" ညီနောင်ဖြစ်သည်။ ပါကြီးက ရိုးအေးသလောက် ညီဖြစ်သူ "ပါကလေး"က နောက်တတ်သည်။ တစ်နေ့မှာ အနည်းဆုံး သုံးခါလောက် မနောက်ရရင် ထမင်းစားမဝင်၊

အိပ်မပျော် ဖြစ်နေသည်။ တစ်ခုသော လပြည့်နေ့ရဲ့ အဖိတ်နေ့ညမှာ မောင်ပါ မူးလဲသွားသည်။ ပါးစပ်က ကယောင်ကတမ်း ပြောနေသည်။ "ငပါ မင်းက မြွေပွေးသေလို့ ဝင်စားတာလား၊ ရှင်ဥတ္တမကျော် ပေပင် ပေါ် ချွတ်ယူရတဲ့ ချွတ်လိုက်တဲ့ နံ့တော်မောင်ကျဘမ်း အမျိုးတော်တာ လား၊ ဘိုးတော်ဦးပိုင်းရဲ့ အမတ်ပေါ်ဦးရဲ့မြေးတော်တဲ့အကောင်လား၊ တော်တော်ဂြိုဟ် မွှေနေပါလား၊ ငါက မင်းအဘိုး ကိုးကွယ်ခဲ့တဲ့ ဘိုးတော် ကွယ့်၊ မင်းက ငါ့ကို မရိုသေ မလေးစား မယုံကြည်ပေမယ့် မစော်ကား မပစ်မှားလို့ မင်းကိုငါ စောင့်ရှောက်နေပါတယ်။ ပဋ္ဌာန်းဆက်တိုင်း အစ အလယ် အဆုံး ကောင်းတာတော့ မဟုတ်ဘူး။ ဒီနေ့ကစပြီး မင်းကို ဒဏ်ခတ်လိုက်တယ် (၇၅)ရက် ဝစီပိတ် အေလုပ်ရမယ်။ ရွာထဲကတော့ မင်းကို ရူးသွားပြီလို့ ပြောကြမယ်၊ စကားမပြောရင် အရူးစာရင်းထဲ ဝင်သွားပြီ၊ ငါကြွတော့မယ်" ဆိုလေ၏။

မောင်ပါ သတိရလာတဲ့အခါ စိန်အောင်မင်း ဇာတ်သဘင်ပွဲ ကြည့်ပြီး ပြန်လာတဲ့ လူ(၅၀)ခန့် ဝိုင်းကြည့်နေကြတာကို တွေ့ရတော့ သည်။ မောင်ပါက ဆိုတယ်။ "အေး အေး အဲ အဲ အော အံ အား အ အ" အသံထွက်လာတယ်။ ရေသောက်ချင်တဲ့အကြောင်း လက်ဟန် ခြေဟန် ပြလို့ ရေတိုက်ကြတယ်၊ "အော် လူလည် ပန်ကာ၊ လူပါး လူနပ်၊ ရပ်က လည်း သနားကမားနဲ့ အလကား အအဖြစ်သွားရှာပြီကိုး၊ အလုပ်တောင် လုပ်စားနိုင်တော့မှာ မဟုတ်ဘူး၊ သနား ဒုက္ခရောက်သွားတော့လည်း ရွာသားချင်းဆိုတော့ အနည်းအကျဉ်း ကူညီကြ၊ ပေးကမ်းရတော့မှာ ပေါ့လေ" ဆိုကြပြီး ပြန်သွားကြလေ၏။

ထိုရွာတန်းရှည်မှာ မဖြစ်စဖူး၊ အဖြစ်ထူး အရူးခေါ်ရမှာလည်း ခက်၊ အကောင်းဆိုရမှာလည်း ခက်တဲ့ သတင်းဟာ ရွာနီးနားချင်း အရပ်

လေးမျက်နှာရွာများသို့ ပျံ့နှံ့ သွားလေရာ လူတို့လာကြည့်ကြ၏။ သနားသူများ ငွေသား အသပြာနဲ့ စားစရာမျိုးစုံကို "သနားကြေး" ပေးကြလေ၏။ ထိုအခါ ဘိုးတော်က အိပ်မက်ထဲက ညွှန်ကြားတာက "ဟော့ ငပါ မင်း အဆိပ်သင့်နေပြီ၊ သူများက သနားလို့လာပေးတာဟာ အဆိပ် နော်၊ အဆိပ်၊ အဲဒီအဆိပ်သက်သာအောင် ပုတီးစိပ်ကွယ့်၊ တရားလည်း ထိုင်ကွယ့် မေတ္တာပို့ကွယ့်။ အလားကား ဒအေ လုပ်မနေနဲ့" ဆိုလေ၏။

မောင်ပါက ပုတီးစပ် တရားနည်း ရရှိ၍ စိပ်/ထိုင်ရာ လူတို့က ပြောကြ၏။ "ဒီလိုဆိုတော့လည်း အရူးမဟုတ်ဘူး၊ အကောင်းပဲ ။ဘိုးတော် လိုင်းဝင်သွားဟန် တူပါတယ်၊ ပေးကြ ကမ်းကြ၊ လှူကြဟ" ဆိုကြလေ၏။ မောင်ပါဟာ အကောင်းတုန်းက တောင်ယာလုပ်၊ ခြံလုပ်၊ လယ် လုပ်တာထက်ပင် လာဘ်လာဘ ပိုရလာ၍ စုဆောင်းထားပြီး ရွာကျောင်း ဟောင်းပြင်၊ စေတီဟောင်းပြင်၊ ဇရပ်ဆောက် စတဲ့ သာသနိကအဆောက် အအုံများကို အောင်မြင်စွာ ဆောင်ရွက်ခဲ့ပြီး ရွာထဲက ပျောက်ခြင်းမလှ ပျောက်သွားတော့တဲ့အခါမှာ အံ့သြကြ၏။

# မနုသိန်းနဲ့ ဘိုးတော်အောင်မင်းခေါင်

ကချင်ပြည်နယ်ရဲ့ မြို့တော် မြစ်ကြီးနားမြို့ရဲ့ အရှေ့ဘက်ကမ်း၊ ဝိုင်းမော်မြို့နယ်၊ ခတ်ချိုရွာကြီးမှာ မနုသိန်းဆိုသူ ရှမ်းအမျိုးသမီး တစ်ယောက်ရှိတယ်။ သူ့ရဲ့ဘိုးဘွား မိဘလက်ထက်ကတည်းက ဘိုးတော် အောင်မင်းခေါင်ကို ကိုးကွယ်ကြတယ်။ ဆည်းကပ်ကြတယ်။

ဘိုးတော်က မနုသိန်းရဲ့မိခင်ကို အိပ်မက်ပေးတယ်။ "ငါစောင့် နေတဲ့ ခတ်ချို (    )သိုက်က ငါ့လူကို နင့်ဆီကို ပို့လိုက်မယ်၊ အပျင်းပြေ လည်း ဖြစ်အောင်၊ တိုင်းပြုပြည်ပြု မဟုတ်တောင်မှ လူမျိုး ဘာသာ အတွက် အကျိုးရှိအောင် ပို့လိုက်တယ်။ ငါက ပြန်မခေါ်ပေမယ့် အချိန် တန် နပိန်ကန် အိမ်ပြန် ဖိမ်ခံတာ ကြိမ်ဖန်များပါပြီကောကွယ်" ဆိုတယ်။ မကြာခင် ကိုယ်ဝန်ရပြီး မနုသိန်းကို ဖွားမြင်တယ်။ အရွယ်ရောက်လာ တော့ မြစ်ကြီးနားမြို့ အမှတ်(  ) အထကမှာ ဆရာမဖြစ်လာတယ်။ အပျို ပေါက်လို့ ခေါ်တဲ့ မြီးကောင်ပေါက်၊ အမြီးတောင်ပေါက် မစုံ့တစုံအရွယ် မှာ မိခင်က "အဘဓာတ်ခန်း" ဆိုတဲ့ ပဲခူးမြို့က ဓာတ်ခန်းကို ခေါ်သွားပြီး၊ "အဘ ဒါသမီးရဲ့သမီးပါ၊ အဘရဲ့ မြေးမကလေးအဖြစ် မှတ်ယူပါရန်

လာအပ်နံ့ပါတယ်”လို့ ဆိုတယ်။ အဘကပြောတယ် “ကိုယ့်ဟာကိုယ် မွေးလို့လာအပ်ရသလား၊ မိဘပီပီ လုပ်ကျွေးစောင့်ရှောက်ပေါ့၊ ငါက ကူပဲ ကူညီနိုင်တာ။ လာအပ်တော့လည်း မြေးမလို စောင့်ရှောက်ရတော့မှာပေါ့”လို့ ဆိုတယ်။ အချိန်အားဖြင့် မနသိန်း ဆယ်တန်းအောင်လို့ ဆရာမဖြစ်လာပြီး အိမ်ထောင်ပြုတယ်။ ကလေး ( )ယောက်ရတယ်။ အိမ်ထောင်ရေး အဆင်ပြေလို့ အခြေအနေကောင်းရင် အသက်တိုမှာစိုးလို့ ဘိုးတော်ကပဲ အိမ်ထောင်ကို သေကွဲမလုပ်ဘဲ ရှင်ကွဲလုပ်လိုက်ပါတယ်။ ရှင်ကွဲ ကွဲသွားတယ်။

မနသိန်း အသက် (၅၀)ကျော်မှ ပဲခူးက အဘဓာတ်ခန်းကို သွားချင်တဲ့စိတ် တဖွားဖွား ပေါ်လာလို့ မဖြစ်ဖြစ်တဲ့နည်းနဲ့ သွားတွေ့တယ်။ အဘနဲ့ တွေ့တဲ့အခါ “မလာတာ ကြာပါပြီကောကွယ်၊ မင့်နေရာပောင်းကို ရောက်သွားတော့ ငိုငိုနေရတယ်၊ အဲဒါကို ငါက သဘောကျတာ”ဆိုတယ်။ မနသိန်းက မြစ်ကြီးနားကို ပြန်လာပြီးပြောတာက “အဘဟာ လွန်ခဲ့တဲ့ နှစ်ပေါင်းလေးဆယ်ကျော်တုန်းကလည်း ဒီအရွယ်ပဲ အခုလည်း ဒီအရွယ်ပဲ”ဆိုလေ၏။

ဝိဇ္ဇာများဟာ ရုပ်ပြောင်း ရုပ်လွှဲလုပ်တတ်၊ အကြီးအငယ်လုပ်တတ်၊ အပုအရှည်လုပ်တတ်၊ အရှုံအကောင်း လုပ်တတ်ကြတာ သေချာပါတယ်”ဟု မှတ်ချက်ချလိုက်ရပါတော့၏။ မနသိန်းဟာ သူနေခဲ့တဲ့ သိုက်နန်းရှိရာ ( )ဘုရားသို့ ယခုအခါ အသွားအလာ ခပ်ကျဲကျဲ ဖြစ်နေရာ၏။ ငိုငိုရယ်ရယ် ဖြစ်လာလွန်းလို့ မသွားတစ်လှည့် သွားတစ်လှည့်ပဲ လုပ်တော့တယ် ဆိုလေ၏။

## အိပ်မက် ဘိုးတော်မိန့်တဲ့ ကိုးနဝင်းကြီး

ပညာရေးမှာ ကျပ်မပြည့်တဲ့ ကိုလထော်ဆိုသူ ရှိလေ၏။ အတန်းပညာမှာ ဘွဲ့မရလို့ ဟိုပညာလျှောက်လေ့လာပြီးစမ်း၊ ဒီပညာလေ့လာပြီးစမ်း၊ ဟိုဘာသာ လေ့လာပြီးစမ်း၊ ဒီဘာသာလေ့လာပြီးစမ်း သက္ကတဘာသာ၊ ပါဠိဘာသာ၊ ဟင်ဒီဘာသာ၊ ရှမ်းဘာသာ၊ ကချင်ဘာသာ' ဂျပန်ဘာသာ၊ အင်္ဂလိပ်ဘာသာ၊ တရုတ်ဘာသာ စတဲ့ ဘာသာစကား စာပေကို ဟိုစပ်စပ် ဒီစပ်စပ် ယောက်ယက်ခတ်ဆိုလား ယောက်ယက်ခတ်ဆိုလား၊ ဟိုဟာ မတောက်တခေါက်နဲ့ အပြီးအဆုံး မရောက်နိုင်သူ ကိုလထော်ပါ။

သူ့ကို အဖော်အပေါင်းတို့က သမုတ်ခေါ်ဝေါ်ပုံကလည်း အမျိုးမျိုးကို ဆယ့်တစ်မျိုးဟင်းချို၊ ကိုအာလူး၊ ကိုလေထွား၊ ပြာသနပ်၊ ကိုပလွေ၊ ကိုတယော၊ ကိုကြံ့တိုင်း၊ ကိုဖျင်းတိုက်၊ ကိုမောက်မာ၊ ကိုမှုံကြီး၊ ကိုကတ်သတ်၊ ကိုဘော်တိုး စတဲ့ စတဲ့ အမည်နာမ အမျိုးမျိုးကို ဆိတ်ချေးပါသလို ဟောတစ်လုံး ဟောတစ်လုံး ရထားသူဖြစ်၏။ ဒါပေမယ့် သို့သော်လည်း အရေးကြုံလာသူ သူ့ဘော်ဒါတိုင်း ကိုလထော်ကို ပစ်ပယ်လို့မရ။ အာစရိယ၊ ဒုက္ခ ရရင် မုချကေန်၊ အောင်ကြောင်းမှန် ကူညီရန်

လက်မနေး အပြေးအလွှားလာ၍ အကူအညီ အကြံအစည် တောင်းကြတာ ချည်းပဲ ဖြစ်နေကြတယ်။ အတိအကျ အမှန်ကတော့ မရတာများပါတယ်။ အကူအညီပေးလိုက်တာက "ကိုးရေး တစ်ရေး ဆယ်ရေး တစ်ရာ" ဆိုတာလို မှုကွဲက အမျိုးမျိုး မူရင်းက ဘာမှန်းမသိတာများတယ်။ သူက ပြောတယ်၊ "မင်းတို့ကိုလည်း ငါက အထင်မသေးပါဘူးကွာ၊ ငါက တတ်ပေမယ့် မင်းတို့ထက် ပိုတတ်ပါတယ်လို့တောင် ငါမဆိုလိုပါဘူး၊ ငါသဘော အယူအဆက မတိကျလှသေးပါဘူး၊ ပမာဆိုရရင် "ကိုးရေးတစ်ရေး ဆယ်ရေး တစ်ရာ ဆိုတာကို ငါကောင်းကောင်း အနုထက်ထိ သဘောမပေါက်သေးဘူး၊သူပြော ကိုယ်ပြောမို့သာ ပြောလိုက် ရတယ်၊ အဲဒါ မင်း တို့ကို ဆရာတင်ပါတယ်" ဆိုလေ၏။

ထိုအခါ သူ့ဘော်ဒါတို့က တစ်ယောက်မျက်မှာတစ်ယောက် ကြည့်ကြလေ၏။ ထိုအခါ ကိုလထော်က ဆိုလေ၏။ " ငါတကယ် မသိလို့မေးတာပါ၊ မင်းတို့ ပြောပြလို့ ငါက ပညာတိုးရင်၊ သဘောကျရင် ငါက လက်ဖက်ရည်တိုက်မှာပါ" ဆိုလေ၏။ ထိုအခါ ဘော်ဒါတို့က ဆို၏။ "ငါ ငါတို့လည်း မင်းပြောသလို၊ သူပြော ကိုယ်ပြောထက် မပိုပါဘူး" ဆိုကြလေ၏။ ထိုအခါ ကိုလထော်က ဆို၏။ "ဒီလိုဆိုရင် ငါသဘောပေါက်တာကို ပြောပြမယ်၊ ကဲကဲ နော်အောင် မင်းဘောပင် ပေး၊ ငါရေးပြမယ်" ဆိုကာ စာရွက်ပေါ်တွင် ကိုး(၉)ကို ရေးလိုက်၏။ "ကိုးရေးလိုက်ပြီ" ဆိုလေ၏။ ထို့နောက် (၉)ရဲ့အောက်တွင် (+) အပေါင်း လက္ခဏာပြ၍ (၁၀) တစ်ဆယ် ရေးလိုက်ပြန်၏။ "(၁၀) တစ်ဆယ် ရေးလိုက်ပြီ" ဆို၏။ ထို့နောက် ၉ + ၁၀ = ၁၀၀ ။ ထိုအခါ ဘော်ဒါတစ်ယောက် ကွန့်၏။

"မင်းဟာက မဟုတ်သေးပါဘူး။ (၉)ရဲ့အောက်မှာ (၁၀)ပေါင်းတော့ (၁၉)ပဲရမှာပေါ့ကွ" ဆိုလေ၏။ ထိုအခါ ကိုလထော်က ဆို၏။

"ဟာကောင်စုတ်ရဲ့ "ကိုးရေး တစ်ရေး ဆယ်ရေးဆယ့်ကိုးလို့မှ မပြောတာ၊ တစ်ရာပါဆို ငါက ဒီလိုပဲ သဘောပေါက်ထားတယ်၊ ဒါကို မှန်တယ်လို့ မဆိုလိုဘူး။ ငါ့နည်း ငါ့ဟန်နဲ့ ပြောတာ၊ ငါက ဒီအကြောင်းကို ဗမာအမျိုးသား စစ်စစ်တွေနဲ့ တွေ့ရင်လည်း မေးကြည့်ဖူးတယ်ကွ။ သူတို့လည်း သူပြောကိုယ်ပြောမို့ ပြောတာပါ" လို့ ဆိုကြတယ်။ အစိပ္ပါယ်ကတော့ကွာ - မိုးမပြို ပြိုခဲ့သော်" ဆိုတာနဲ့ ခပ်ဆင်ဆင်ပဲ" ဆိုလေ၏။

ထိုလထော်ရဲ့ရှင်းပြ ပြောပြတာကို ဘယ်သူမှ မဝေဖန်လိုတဲ့အတွက် "အဖြေမှန် မတွေ့မချင်းတော့ မင်းပြောတာကိုပဲ လက်ခံရမလိုဖြစ်နေပြီ" ဆိုကြလေ၏။

ကိုလထော်က ပြော၏။ "မင်းတို့ပြောကြ၊ မင်းတို့သိတဲ့ဟာကို ရှင်းပြလို့ ငါသဘောကျ လက်ခံရင် ငါကလက်ဖက်ရည်တိုက်မယ်လို့ ပြောထားတယ်၊ မင်းတို့ပြောမပြ၊ ရှင်းမပြနိုင်ကြဘူး။ ဒီတော့ ငါ့ကို လက်ဖက်ရည် တိုက်ရမယ်၊ ဘယ့်နယ့်လဲ" ဆိုလေ၏။ ဘော်ဒါတို့က "ဟာကွာ တိုက်မယ်၊ တိုက်မယ် လက်ဖက်ရည်ဆိုင်ကို သွားမယ်" ဆိုကာ သူငယ်ချင်းတစ်စုသည် ခြေလှမ်းသွက်သွက်နှင့် လက်ဖက်ရည်ဆိုင်သို့ ထွက်ခွာသွားကြလေတော့၏။ သူငယ်ချင်းလေးယောက် လက်ဖက်ရည် တစ်ခွက်တစ်မတ် စုစုပေါင်း တစ်ကျပ်၊ ပဲပလာတာ တစ်ခွက် တစ်မတ်လေးခွက်တစ်ကျပ်၊ တိုတယ် အမောင့် ၁ိ + ၁ိ = ၂/ နှစ်ကျပ်ကို နော်အောင်ရဲ့ ညီဝမ်းကွဲ နော်တောင်က ဒကာခံ၏။ သူတို့သည် လက်ဖက်ရည်သောက်လိုက်၊ ပဲပလာတာ စားလိုက် လုပ်နေတဲ့ ကိုလထော်ရဲ့ မျက်နှာကို တစိမ့်စိမ့်ကြည့်နေကြ၏။ ကိုလထော်ရဲ့ ပါးစပ် က အသံထွက်လာ၏။ "လက်ဖက်ရည်အချိုသောက်ပြီးရင် ရေနွေးကြမ်းငှဲ့ပေးဦးလေကွာ" ဆိုလေ၏။ "ဟာကွာ မင်းကလည်း အနိုင်ရသူပီပီ၊ အာဏာသံ၊ ပါဝါသံ၊

အမိန့်သံ၊ သခင်သံ၊ လူကြီးသံလိုလိုနဲ့" ဆိုလေ၏။ ကိုလထော်ကဆို၏။ "ထင်ချင်သလို ထင်၊ ရေနွေးမြန်မြန်ငှဲ့" ဆို၏။ "အေး ပါကွာ အေးပါကွာ ငါတို့က ရှုံးတယ်ဆိုတော့" ဆိုလေ၏။ ထိုအခါ ကိုလထော်က ဆို၏။ "အရှုံးတိုင်း အဆိုးမဟုတ်ဘူး၊ အရှုံးထဲက အမြတ် ရအောင် လုပ်ရတယ်၊ သွားကြစို့" ကိုလထော်က အရင်ထသွားတဲ့ အတွက် ဘော်ဒါတို့ လိုက်သွားကြ၏။ ပဲခူးတိုင်းဒေသကြီး၊ တောင်ခရိုင်၊ ဖြူးမြို့ရဲသီရိရုပ်ရှင်ရုံအနီးက လက်ဖက်ရည်ဆိုင်ဖြစ်လေ၏။ ထိုဆိုင်သည် နာမည်ကြီး၏။ ဖောက်သည်တို့အပေါ်မှာ စေတနာထားတတ်ကြ၏။

ကိုလထော် ပြောပြတဲ့ ကိုးနဝင်း "ဘော်ဒါတို့ အခုအခါမှာ ကိုးနဝင်း မိုးလင်းတော့ သိလိမ့်မည်တဲ့၊ ကိုးနဝင်းမိမှ ကောင်းတယ်တဲ့၊ နဝင်းစေတီတဲ့၊ အရင်းမလိုက် နဝင်းကိုက်၊ နဝင်းမမိ အရင်းထိတဲ့၊ နဝင်း မအောင် အကျဉ်းထောင်တဲ့၊ နဝင်းကိုက် အမှိုက်ရွှေဖြစ်တဲ့၊ အပျင်းထူ နဝင်းမကူတဲ့၊ နဝင်းအကြောင်းတော့ အများကြီးပဲကွာ၊ နဝင်းအစ ခန္ဓာကတဲ့ကွ ငါတို့ ခန္ဓာတို့က နဝင်းခန္ဓာကိုယ်ကွ၊ ကြည့် မျက်စိနှစ်လုံး (အပေါက်နှစ်ပေါက်)၊ နားရွက်နှစ်ရွက် (အပေါက်နှစ်ပေါက်)၊ နှာခေါင်းပေါက် (နှစ်ပေါက်)၊ ပါးစပ် (တစ်ပေါက်)၊ ကျင်ကြီးပေါက် (တစ်ပေါက်)၊ ကျင်ငယ်ပေါက် (တစ်ပေါက်) ဒီအပေါက် အားလုံးပေါင်းလိုက်၊ ကိုးပေါက်ရှိတယ်။ ဒီအပေါက် ကိုးပေါက်ဟာ နဝင်းပေါက်တွေပဲ၊ ဒီအပေါက်ကိုးပေါက်ဟာ လူ့အတွက် အကောင်းဘက်ကလည်း အရေးကြီးတယ်။ အဆိုးဘက်ကလည်း အရေးကြီးတယ်။ ဂဏန်း ကိုးနဝင်းကတော့ တစ်ကနေ ရေတွက်သွားရင် ကိုးခုမြောက်ကို "နဝင်းကိုး" ခေါ်တယ်။ ဂဏန်းနှစ်လုံးကို ပေါင်းလို့ကိုးရတဲ့သဘောလည်း နဝင်းပဲ။ ဥပမာ ၁၈, ၂၇, ၃၆, ၄၅, ၅၄, ၆၃, ၇၂,၈၁,၉၀,၉၉,၁၀၈ တွေပေါ့။ ဂဏန်းတွဲ ဘယ်လောက်

များများ ပေါင်းလိုက်ရင် ကိုးဆိုရင်လည်း ကိုးနဝင်းပဲ။ ကိုးနဝင်း ရှင်းသလို ရှုပ်လည်းရှုပ်တယ်၊ ရှင်းတာကိုယူ ရှုပ်တာကို မယူနဲ့။

"ရှိသေးတယ်၊ ဝေါဟာရ စကားလုံး နဝင်းလည်း အများကြီးရှိသေးတယ်ကွ၊ ပဲလျော်၊ မုန့်လုံး၊ ပုလဲ၊ ဖျော်ရည်၊ ကျောက်တုံး၊ ကျောက်တံ၊ ခဲတံ စတာတွေပေါ့ကွာ၊ ရှင်းဦးမယ်၊ ပဲလျော်ဆိုပါတော့ ပဲ = ၅၊ လျော် = ၄၊ ၅ + ၄ = ၉ ကိုးနဝင်းပေါ့။ "ကိုးနဝင်း မိုးလင်းတော့ သိမယ်တဲ့ ဒီမှာ "မိုးလင်း" လည်း နဝင်းပဲ၊ ဒီကိုးနဝင်းအကျင့်က ဝိပဿနာထက် စာရင်နိမ့်ပါတယ်။ ဝိပဿနာကို အသားပေါင်းစုံ ငါးပေါင်းစုံ ဟိုတယ် ဟင်းလို့ သဘောထားလိုက်ပါ။ မင်းတို့ငါတို့အိမ်မှာ နေ့စဉ်စားနေတဲ့ အသားဟင်း ငါးဟင်းကို လောကီနဝင်း ထမင်းဟင်းလို့ သဘောထားရင် ဟိုတယ် ထမင်းဟင်းက အရေးမကြီးဘူး။ အိမ်က ထမင်းဟင်းက အရေးကြီးသလိုပဲ" ဆိုလေ၏။ ထိုအခါ နော်အောင်ကပြော၏။ "မင်း ပြောတဲ့ ကိုးနဝင်းကလည်း ကရွတ်ခွေမှာ ပုရွက်ဆိတ်လျှောက်သလိုပဲ" ဆိုလေ၏။

"အပြီးသတ်ပါတော့မယ်၊ ငါ့ကို အိပ်မက်ထဲမှာ ဘိုးတော် ဟောတဲ့ နဝင်းကတော့ ဘုရားရဲ့(၁၀၈)ကွက် ဗုဒ္ဓစက် အခြေခံပဲကွာ၊ ဒါကြောင့် ပုတီးတစ်ကုံးမှာ (၁၀၈)လုံးပါတာပေါ့။ ပုတီးတစ်ပတ်ရရင် (၁၀၈) တစ်ကြိမ်ရတယ်။ နှစ်ပတ်ရရင် (၁၀၈)နှစ်ကြိမ်ရတယ်။ (၁၀၈) ပတ် (၁၀၈)ရက် အောင်ရင် တစ်ကဏ္ဍခေါ်တယ်။ သုံးကဏ္ဍမှာ တစ်ဝါ ရတယ်။ သုံးဝါမှာ ထူးခြားတယ်။ ဘုန်းကြီးများ ဝါကြီးလေလေ သိက္ခာကြီး လေလေဖြစ်သလို ပုတီးဝါလည်း ကြီးလေလေ သမာဓိရလေလေ ဆိုတယ်။ သမာဓိရရင် ဝိဇ္ဇာဖြစ်တယ်။ ဈာန်လည်းရတယ်၊ ဝိပဿနာကို ကူးရင်လည်း ရတယ်။ ပြီးပါပြီကွာ အာညောင်းလိုက်တာ၊ အခုနေ လက်ဖက်ရည် ဒကာပေါ်ရင် ကောင်းမယ်" ဆိုလေ၏။

ကိုလထော်လောက် အပြောကောင်းတယ်လို့ မဆိုသာပေမယ့် ကိုလထော် မပြောမဆိုတတ်တဲ့ ဘော်ဒါတို့က လက်ဖက်ရည်တိုက်ကြတာ များလေ၏။ ဘော်ဒါတို့က မှတ်ချက်ကြ၏။ "မင်းက ငါတို့ထက် သာလွန်တဲ့အတွက် ငါတို့အတွက် မင်းက "သာလွန်မင်း"ဖြစ်နေပြီ" ဆိုကြ လေ၏။

## ဝိဇ္ဇာဓာတ်စီးခြင်း

လောကမှ ဖြစ်ပျက်သမျှ အားလုံးရဲ့ အထွတ်အထိပ်ဟာ ဘုရားဖြစ်တယ်။ လူဆိုရင်လည်း လူထဲက အမြတ်ဆုံးဟာ ဘုရားဖြစ်တယ်။ နတ်လို့ပြောရင်လည်း နတ်ထဲက အမြတ်ဆုံးဟာ ဘုရားဖြစ်တယ်။ ဗြဟ္မာ လို့ပြောရင်လည်း အမြတ်ဆုံးဗြဟ္မာဟာ ဘုရားပါ။ ဝိဇ္ဇာစကားပြောမယ်ဆိုရင် အကြီးမြတ်ဆုံး ဝိဇ္ဇာဟာ ဘုရားဖြစ်တယ်။ အကောင်းဆုံး အမြတ်ဆုံး စကားပြောရင် အကောင်းဆုံး အမြတ်ဆုံးဟာလည်း ဘုရားပဲဖြစ်တယ်။

ဓာတ်အကြောင်းပြောရင်လည်း ဘုရားရှင်ကသာ အမြတ်ဆုံးဓာတ်ပိုင်ရှင်ဖြစ်ပါတယ်။ ဓာတ်စီးတဲ့အကြောင်း ပြောကြစို့ ဆိုရင်လည်း "သဗ္ဗေ မနော ဝိညာဏ ဓာတု" ဆိုသောကြောင့်ဆိုတဲ့အတွက် ဓာတ်စီးတယ်ဆိုခြင်းမှာ မနောဓာတ်တွေ ပျံ့နှံ့စီးဆင်းနေတယ်။ ဝိညာဏ်ဓာတ်တွေစီးနေတယ်။ လျှပ်စစ်ဓာတ်စီးရင် အလင်းရတယ်။ နတ်စီးတာမှန်ရင် နတ်ဓာတ်ရလို့ နတ်တန်ခိုးရမယ်။ နတ်ဝိဇ္ဇာဖြစ်မယ်။ တရားဓာတ် စီးရင်လည်း တရားရနိုင်မယ်။ အနာဂါမ်ဗြဟ္မာကြီးက ဒေါ်ဘုံကို ဓာတ်စီးပြီး တရားဟော တရားပြပေးတဲ့အတွက် ဒေါ်ဘုံလည်း တရားရ

သွားတယ်။ အနာဂါမ်ဒေါ်ဘုံဖြစ်လာတယ်။ တစ်ဖန် အနာဂါမ်ဒေါ်ဘုံက စာတစ်လုံးမှမတတ်တဲ့ တောင်သူလယ်သမားတစ်ယောက်ကို တရားဟောပေး၊ တရားပြပေး၊ တရားဩဝါဒပေးရာ ထိုသူတရားရသွားပြီး ရဟန္တာ ရှိ ကဝိဆိုတဲ့ စွန်းလွန်းဂူဆရာတော်ဖြစ်လာတယ်လို့ သက်ကြီးဝါကြီးတစ်ဦး ပြောပြဖူးတာ မှတ်သားဖူးတယ်။

ဓာတ်စီးတာမှာလည်း အမြတ်စား၊ အကောင်းစား စီးဖို့လည်း ခက်တယ်၊ တော်တော်ကို ခက်တယ်။ ဘုရားက ပါရမီ ဆယ်ပါးဖြည့်ခဲ့တာမှာ အယုတ်နည်းနဲ့ ဖြည့်၊ အလတ်နည်းနဲ့ဖြည့်၊ အမြတ်နည်းနဲ့ဖြည့်ခဲ့သလို ဓာတ်စီးတာလည်း အယုတ်နည်းစီး၊ အလတ်နည်းနဲ့စီး၊ အမြတ်နည်းနဲ့စီးရပါတယ်။ အယုတ်အဆင့် အရင်စီးရတယ်၊ အရင်စီးတယ်၊ အယုတ်စီးပြီးသွားမှ အလတ်စီးဖြစ်လာတယ်။ အလတ်စားစီးပြီးသွားရင် အမြတ်စားစီးဖြစ်လာမယ်။ အယုတ်စီးပြီးအောင် ဒါန သီလ ဘာဝနာ ကြိုးစားရမယ်။ အလတ်စားစီး အဆင့်ရောက်ရင်လည်း ဒါ၊ သီ၊ ဘာကို ကြိုစားရမယ်၊ အမြတ်စားစီး ရောက်ရင်လည်း သီလ၊ သမာဓိ၊ ပညာဖြစ်လာမယ်။

ဓာတ်စီးတဲ့အကြောင်းရေးမယ်ဆိုရင် မကုန်ပါ။ လက်လှမ်းမီသလောက် ရေးရမယ်ဆို၊ ပြောရမယ်ဆိုရင် မြစ်ကြီးနားမှာ ဓာတ်စီးပုဂ္ဂိုလ်တော်တော်ရှိတယ်။ အားလုံးကို မမှတ်မိပါ။ မှတ်မိသလောက်ဆိုရင် အောင်နန်းရိပ်သာက ဦးကျော်စိန်၊ မြို့သစ်ရပ်ကွက်က ဦးတိုးအောင်၊ မြို့မရပ်ကွက်က ကိုတင်အေး၊ မိုင်းနားက ဦးသာကြွမ်း၊ မြစ်ကြီးနားတက္ကသိုလ်ကျောင်းအုပ်ကြီး (ထိုစဉ်က ဒေသကောလိပ်) ဦးစိုင်းအောင်ထွန်းရဲ့ ယောက္ခမ (မ) ရောရပ်ကွက်က ကိုတိုးလုံး စတာတို့ဖြစ်တယ်။ လွန်ခဲ့တဲ့ အနှစ် (၃၀)ကျော်က ဓာတ်စီးပုဂ္ဂိုလ်များဖြစ်ပါတယ်။ ယခု

အခါမှာလည်း ဓာတ်စီးတဲ့ ပုဂ္ဂိုလ်တိုးလာတယ်လို့ သိရပါတယ်။

မြန်မာပြည် အနှံ့အပြား မြို့ရွာများမှာ ဓာတ်စီးသာသနာပြုတဲ့ ပုဂ္ဂိုလ်တွေရှိတယ်ဆိုတာ သိရတယ်။ သာသနာပြု ပုဂ္ဂိုလ်ဆိုတာ ဘုရား တရား သံဃာတို့က အဓိကဖြစ်တယ်။ လူပုဂ္ဂိုလ် သာသနာပြုဆိုတာက အနွယ်ဝင် အထောက်အပံ့ အပံ့အပိုး သဘောဖြစ်တယ်လို့ ယူဆနိုင်ပါတယ်။ ဓာတ်စီးသာသနာပြုသူများ အကြောင်းကို ဆက်လက်၍လေ့လာနေပါသေးတယ်။ လေ့လာမှု မပြည့်စုံပေမယ့် အချက်အလက် တော်တော် ရရင် ရေးသားရပါဦးမယ်။

ဘိုးဘိုးအောင်ရဲ့ဓာတ်စီးခံချင်ရင် သမ္ဗုဒ္ဓေဂါထာ ပုတီးများများ စိပ်ရတယ်။ ရက်ကန်းစင်တောင် ဆရာတော်ရဲ့ ဓာတ်ကိုအစီးခံချင်ရင် "သိဒ္ဓိ ဘဂဝါ အရဟံ ဗုဒ္ဓေါ မေ သတ္တာ ပါကာရံ ဗုဒ္ဓံသရဏံ ဂစ္ဆာမိ၊ သိဒ္ဓိ ဘဂဝါ အရဟံ ဓမ္မော မေ သတ္တာ ပါကာရံ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သိဒ္ဓိဘဂဝါ အရဟံ ဗုဒ္ဓေါ မေ သတ္တာ ပါကာရံ သံဃံ သရဏံ ဂစ္ဆာမိ" ကို များများရွတ် ပုတီးစိပ်ရတယ်။ ဘိုးတော်အောင်မင်းခေါင်ရဲ့ ဓာတ်ကို အစီးခံလိုရင် "ဗုဒ္ဓေါဂုဏ်တော်" များများ ပုတီးစိပ်ရတယ်။ အသံထွက်ကျယ်ကျယ်စိပ် ရွတ်ရတယ်လို့ လေ့လာဖူးပါတယ်။

ဓာတ်စီးမှန်ကန်ရင် သာသနာတော်အတွက် အကျိုးဖြစ်ထွန်း စေပါတယ်။ သက်သတ်လွတ်စားခြင်းလည်း ဓာတ်စီးမှန်ကန်စေတဲ့ အချက်တစ်ခုဖြစ်တယ်ဆိုတယ်။ ဓာတ်စီးခြင်းမှာ ရုပ်စီး၊ နာမ်စီး၊ ရုပ် နာမ်စီး၊ လှိုင်းတံပိုးစီး ဆိုပြီး လေးမျိုးရှိတယ်။

ရုပ်စီးဆိုတာ (၃၂) ကောဋ္ဌာသ ခန္ဓာကိုယ်အတ္တဘောမှာ ဓာတ်ကိန်းစီးတာကို ခေါ်တယ်။ ရုပ်စီးဖြစ်နေရင်လည်း ယိုင်သွားတတ် လို့ ဘေးကတစ်ယောက်ယောက် ထိန်းပေးဖို့လိုပါတယ်။ ဓာတ်ကြွသွား

ထွက်သွားရင် ဓာတ်စီးခံရသူမှာ ဘာမှမမှတ်မိပါ။ တချို့ လူအတော် ပင်ပန်းကျန်ရစ်ခဲ့တယ်။ စိုးရိမ်စရာမလိုပါ။ ဆက်စီးဖို့သာလိုပါတယ်။ ရုပ်စီးအဆင့်မှာ ကာယကန္ဓြေမဲ့တတ်ပါတယ်။ ထို့ကြောင့် လုံချည်ကို ခိုင်အောင်ဝတ်တဲ့အပြင် ခါးပတ်ပတ်ဖို့လိုပါတယ်။ အတွင်းခံဘောင်းဘီ ဝတ်ရန်လည်း လိုပါတယ်။ ဓာတ်စီးတဲ့ပုဂ္ဂိုလ်ဟာ ဓာတ်စီးရမှာ ရှက် တတ်ပါတယ်။ ဒီလိုရှက်နေလို့ ဓာတ်စီးနေရင် ဓာတ်စီး ဂဏမကြေနိုင် တော့ပါ။ ဓာတ်ဂဏကြေဖို့လည်း အချိန်ကြန့်ကြာသွားတတ်ပါတယ်။ ဂဏကြေသွားမှ ရုပ်စီးမှ နာမ်စီးကို တက်လှမ်းရမှာဖြစ်ပါတယ်။ နာမ်စီး အဆင့်မှာ ဝစီပိတ်ကျင့်သင့်ပါတယ်။

ရုပ်စီးအဆင့်မှာ ပါးစပ်က အပြောများနေတတ်တယ်။ ပါဠိ လိုလို၊ သက္ကရိုက်လိုလို၊ မာဂဓလိုလို၊ သကင္ဒလိုလို၊ ဟင်ဒီလိုလို ပြော နေတတ်တယ်။ ကိုယ့်ပါးစပ်က ပြောတာမှ ဟုတ်ရဲ့လား ထင်ရလောက် အောင် ဖြစ်တတ်ပါတယ်။ အဓိပ္ပါယ်လည်း နားမလည်နိုင်ပါ။ စင်စစ် အားဖြင့် နှုတ်စီးလို့ ဆိုနိုင်ပါတယ်။

နာမ်စီးခြင်းဆိုရာ၌ တစ်စုံတစ်ယောက်က နားနားကလာ၍ ကပ်ပြောသကဲ့သို့ နာမ်စိတ်နဲ့ ကြားလာတာ ဖြစ်ပါတယ်။ အထင်ဉာဏ် အကြားဉာဏ်နဲ့ တူသယောင်ယောင် ဖြစ်နေတတ်တယ်။ နားထဲက ကြားတဲ့အတိုင်းသာ လျှောက်လုပ်နေမယ်ဆိုရင် လောကမှာ နေစရာ တောင် မရှိတော့လောက်အောင် ခံစားရတတ်တယ်။ ဤအဆင့်မှာ ဘုရားရှိခိုးအမျိုးမျိုး စိတ်ထဲက ရှိခိုးဖို့လိုပါတယ်။ ဘုရားရှိခိုးအမျိုးမျိုး စာအုပ်ဝယ်ကြည့်ပြီး စိတ်ထဲက အသံမထွက်ဘဲ ရှိခိုးရန်လိုအပ်ပါတယ်။

လောကီစကားအပြောလျှော့ပြီး ဂါထာ၊ မန္တန်၊ ပရိတ်များများ ရွတ်ရန်လိုလာပါတယ်။ ဥပုသ်သီတင်း ဆောက်တည်ရန်လည်း လိုအပ်

လာတယ်။ သို့မဟုတ်ပါက အန္တရာယ် အနည်းအများနဲ့ ကြုံဆုံရတတ်ပါတယ်။ နာမ်စီးခြင်း ဂဏကြေပြီးသွားရင် ရုပ်ရော နာမ်ရော တွဲဖက်စီးတဲ့ ရုပ်နာမ်စီးဖြစ်လာတော့မယ်။ ဤအဆင့်တွင် က္ကန္ဒြေရရ ဓာတ်စီးလာနိုင်ပါပြီ။ ကိုယ့်ပါးစပ်က ပြောလာတဲ့ နားလည်ရခက်တဲ့ သင်္ကေတရိုက်စကားကို နားလည်လာနိုင်ပါပြီ။ ဘာသာပြန်ကို နားထဲက ကြားလာတတ်ပါပြီ။ မှန်ကန်တာများလာပါပြီ။ ဤရုပ်နာမ်ဓာတ်စီးခြင်း အဆင့်ကို ပြီးစီးအောင်မြင် ဂဏကြေ (ယဏကြေ) သွားတဲ့အခါမှာ ပျော်စရာရွှင်စရာ ဝမ်းမြောက်စရာဖြစ်လာပါတယ်။ လူတို့ရဲ့အခက်အခဲကို ကူညီဖြေရှင်းပေးလို့ရတယ်။ အကြံကောင်း ဉာဏ်ကောင်းပေးလို့ရတယ်။ ရန်သူကို မိတ်ဆွေလုပ်လို့ရပြီ။ နေ့တူ နံတူ ဆေးဘက်ယူ နံတူသတ်တော့ အသေရ၊ ဓာတ်မတူ နာမ်ကူခွဲ၊ ဇာတ်မတူ စုန်းကဝေစွဲ ဆိုတာတွေကို ရွေးချယ် စီမံတတ်လာပြီ။ သာသနာပြုလမ်း ဖြောင့်ဖြူးလာတယ်။ ဘုရားတည်၊ ကျောင်းဆောက်၊ စေတီပောင်းပြင်ရာမှာ လွယ်ကူချောမွေ့လာတယ်။ ဝိဇ္ဇာဘိုးတော်တို့ ဟောကြားတဲ့ တရားတော်ကို ဓာတ်နဲ့ နာကြားရခြင်း၊ မဟိဒ္ဓိသိဒ္ဓိဆိုင်ရာ တန်ခိုးလည်း ရလာတတ်တယ်။ သို့သော်လည်း အစစ်တစ်ခု၊ အတုတစ်ထောင်၊ အယောင်ဆောင်တစ်သိန်း၊ အပလီန်း အနန္တ ပြဿနာကိုလည်း ရင်ဆိုင်ရတတ်ပါတယ်။ ဝိဇ္ဇာတို့ရဲ့ မှတ်ကျောက်တင်ခံ အစမ်းအသပ်များကိုလည်း ခံရတတ်ပါတယ်။ ဝိဇ္ဇာတို့ရဲ့ အနိုင်းအစေလည်း ခံရတတ်ပါတယ်။ ဝိဇ္ဇာတို့နဲ့အတူ ဘုရားဖူးရာလိုက်ရခြင်း၊ အဓိဋ္ဌာန်လိုက်ဝင်ရခြင်းလည်း ဖြစ်လာတတ်တယ်။ ကာယသိဒ္ဓိ၊ ပီယသိဒ္ဓိ၊ မနသိဒ္ဓိဆိုင်ရာ အကျိုးထူးများ ရရှိလာတတ်တယ်။

လှိုင်းတံပိုး ဓာတ်စီးဆိုသည်မှာ သူများက ဓာတ်စီးတာနဲ့ကြုံရင်

ကိုယ့်ဆီမှာလည်း ဓာတ်ကူးစီးတတ်တယ်။ နတ်ပွဲမှာ နတ်ဆိုင်းတီးလိုက်တာကို ကြားမိရင် နတ်မကပ်၊ မစီးပေမယ့် နတ်ပူးကပ်သကဲ့သို့ ခံစားလာရပြီး တကယ့် နတ်စီး နတ်ပူးနေသူကဲ့သို့ မြူးကြွ ကခုန်လာသကဲ့သို့ ဖြစ်တတ်ပါတယ်။ ဓာတ်ခိုက်၊ နတ်ခိုက်၊ ဖြစ်လာတတ်၍ ဂုဏ်တော်ပုတီး အမိဋ္ဌာန်ကို များများဝင်ရမယ့် အခြေအနေကို ရောက်လာပါတော့တယ်။ ဓာတ်တူချင်း၊ နတ်တူချင်းလည်း ပဋ္ဌာန်းဆက်၊ ပါရမီဆက် အထုံဆက်များ ကြုံရဆုံရတတ်၍ ပူးပေါင်းသာသနာပြုခြင်း၊ ပူးတွဲသာသနာပြုခြင်းကို ပျော်ရွှင်စွာဆောင်ရွက်နိုင်လာပါတော့တယ်။ ဓာတ်စီးခြင်းအတု အစစ်ကိုလည်း ခွဲခြားတတ်လာမှာဖြစ်ပါတယ်။

## ဟိန္ဒူ (ဟိန္ဒူ)လူမျိုးနဲ့ ဘိုးတော်အောင်မင်းခေါင်

မရီမား နဲ့ သူ့အစ်မ၊ သူတို့ယောက်မတို့က နွေအခါမှာ အအေး ဖျော်ရည်ရောင်းစားကြတယ်။ တစ်ခွက်ကို ၅၀၀ိ/ - နဲ့ ရောင်းတယ်၊ နေရာဆိုင်ခန်း အတိအကျမရှိပါ။ မရပါ။ ထို့ကြောင့် ဗမာလူမျိုးတို့က ဘိုးတော်အောင်မင်းခေါင်ကို ပူဇော်ရင် အဆင်ပြေတယ်လို့ ကြားဖူး တယ်။ ငါတို့လည်း ပူဇော်ကြည့်ကြမယ်ဆိုပြီး ဖယောင်းဆီမီး အမွှေး တိုင်ကို ဖြစ်ကတတ်ဆန်းနဲ့ ထွန်းညှိပူဇော်လိုက်ကြတယ်၊ တိုက် ဆိုင်မှု အကောင်းစားဖြစ်လာပါတော့တယ်။ ခါတိုင်း ခါတိုင်း စကားအပြော အဆို အဆင်မပြေတဲ့ ပုဂ္ဂိုလ်က မမျှော်လင့်ဘဲ "မရီမား မင်းတို့ ပြောဆို တောင်းလျှောက်တဲ့ "နွေရာသီဖျော်ရည်ဆိုင်" နေရာကို ငါခွင့်ပြုလိုက် တယ်၊ မင်းတို့ ဝမ်းသာပေတော့နော်" ဆိုလာလေ၏။

မရီမား ညီအစ်မတို့ အောင်ပွဲခံတဲ့ အနေနဲ့ ဘိုးတော်အောင် မင်းခေါင်ကို စေတနာဇရပ္ပဖြစ်ပေါ်လာပြီး မြစ်ကြီးနားမြို့ မော်ဖောင်းရွာ၊ အောင်မော်စံကျောင်းဝင်းထဲက ဘိုးတော်အောင်မင်းခေါင် ရုပ်တုမှာ ရေသန့်ဘူး သွားလှူကြလေ၏။ သူတို့ညီအစ်မသည် အသက် (၄၀)ကျော် အပျိုကြီးများဖြစ်ကြ၏။ ဟိန္ဒူဘာသာနဲ့ ဗုဒ္ဓဘာသာကို တွဲဖက်ကိုးကွယ် ကြတယ် ဆိုကြလေ၏။ မြစ်ကြီးနားမြို့ ရန်ကြီးအောင်ရပ်ကွက်တွင် နေထိုင်ကြလေ၏။

## နတ်ရေကန်ထဲမှာ အိပ်ပျော်တဲ့ ဘိုးတော်တပည့်

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ အစိုးရဌာနတစ်ခုမှ ဝန်ထမ်းတစ်ဦးဟာ ဘိုးတော်အောင်မင်းခေါင်ကို ယုံကြည်ပူဇော်သူဖြစ်ပါတယ်။

လုပ်ငန်းကိစ္စတစ်ခုကြောင့် ပြည်နယ်သို့ သွားရပါတယ်။ ကိစ္စလုပ်ငန်းပြီးစီး၍ အပြန်တွင် လမ်းခုလတ်တစ်ခု၌ ဘိုးတော်ဟု ထင်ရသော ပုဂ္ဂိုလ်က စီးလာသော ကားကိုတားလေ၏။ ဝန်ထမ်းကားဖြစ်၍ ခရီးသည်ကို မတင်ဆောင်လိုသောကြောင့် ကားရပ်မပေးပါ။ ကားဆက်မောင်းသွားတယ်။ မိုင်(၂၀)ခန့်ဝေးကွာတဲ့ နေရာရောက်တဲ့အခါ ထိုဘိုးတော်ဟု ထင်ရသော ပုဂ္ဂိုလ်က ကားရှေ့က လမ်းပေါ်မှာ ပေါ်လာကာ တားပြန်၏။ ကားရပ်မပေးပါ။ ဆက်မောင်းသွားလေ၏။

ခရီးအတော်ဝေးလံတဲ့ နေရာကို ရောက်တဲ့အခါမှာ ကားမှောက်သွားပါတယ်။ ကားမောင်းတဲ့ ဒရိုင်ဘာ ကွယ်လွန်သွားတယ်။ ပါလာတဲ့ ဝန်ထမ်းတစ်ယောက်က ကားပေါ်ကလွင့်စဉ်သွားကာ အနီးရှိ ရေကန်ထဲသို့ ကျသွားလေ၏။ ထိုရေကန်ကို ဒေသခံတို့က "နတ်ရေကန်တော်" ခေါ်ကြ၏။ လွင့်စဉ်ကျလာတဲ့ ဝန်ထမ်းဟာ ရေကန်ထဲတွင် အိပ်ပျော်နေ

သကဲ့သို့ ငြိမ်နေ၏။ ဒေသခံတို့က မြင်သောကြောင့် ဆယ်ယူ၍ကုန်းပေါ်တွင် တင်ထား၍ ပြုစုနိုပ်နယ်ကြလေ၏။ ဝန်ထမ်းက အိပ်ရာက လန့်နိုးသကဲ့သို့ ဖြစ်နေပြီး ပြောလိုက်တဲ့ သူ့စကားကြောင့် လူတို့က အံ့သြကြ၏။ "ကျွန်တော် ကားပေါ်မှာ အိပ်ငိုက်တာပါ။ ကျွန်တော့် အဝတ်အစားတွေ ရေစိုနေပါလားဗျာ" ဆိုလေ၏။ ထိုဝန်ထမ်းက သူ့ကို ဘိုးတော်စောင့်ရှောက်တယ်ဟု ယုံကြည်၏။

# ပြောင်းပြန်လှုပ်မှ အကြွေးဆပ်

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့နယ်၊ မော်ဖောင်းရွာ၊ အောင်မော်စံ ဆရာတော် ဦးအရိယဝံသထံသို့ လူတစ်ယောက်ရောက်လာ၍ လွန်ခဲ့တဲ့ (၁၀)နှစ်ခန့်ကတည်းက ရစရာအကြွေးငွေကို မရသေးကြောင်း၊ အရင်ကတော့ စီးပွားရေးအဆင်ပြေနေလို့ အကြွေးငွေပြန်မရရင်လည်း နေသာပါကြောင်း၊ ယခုတော့ ဘာမှလုပ်ကိုင်စားသောက်လို့ အဆင်မပြေတော့လို့ ရစရာ အကြွေးငွေ ပြန်ရလိုပါကြောင်း၊ အကြွေးသွားတောင်းတော့လည်း မရတဲ့အပြင် "ခင်ဗျားငွေ ပြန်မဆပ်တော့ ဘာဖြစ်မှာမို့လို့လဲ။ ကျုပ်ဆပ်မှ ပြန်ရမှာ၊ မဆပ်တော့ ဘာတတ်နိုင်သလဲလို့ အဆိုအပြောကို မနောမကြည်လင် ချဥ်စရာ အပြောခံရသေးတယ် အရှင်ဘုရား ကူညီနိုင်ရင် ကူညီပါဦးဘုရား" ဆိုလာတယ်။

ထိုအခါ အောင်မော်စံဆရာတော်က အမိန့်ရှိတယ်။ "တရားရချင်ရင် ဘုရား တရား သံဃာကို ကိုးကွယ်ရတယ်။ ဥစ္စာပစ္စည်းရတနာအမျိုးမျိုးဆိုတဲ့ လာဘ်သပ်ပကာကို လိုချင်ရင် ဗြဟ္မာ၊ နတ်၊ ဝိဇ္ဇာ၊ ဘိုးတော် မယ်တော်နဲ့ နဂါး၊ ဂဠုန်၊ ကုမ္ဘာဏ်တွေကို ပူဇော်ရတယ်လို့

ဘုရားက ရတနသုတ်၊ အင်္ဂုတ္တိုရ်ကျမ်း၊ အာဋာနာဋိယသုတ် အငယ် အကြီးတွေမှာ ဟောထားတယ်။ ပူဇော်တယ်ဆိုတာ သူတို့ကိုယ်စား ကုသိုလ်ပြုပေးတာရယ်၊ ကိုယ်ပြုတဲ့ ကုသိုလ်အမျှဝေတာရယ်၊ ဖယောင်း ဆီမီးပူဇော်တာရယ်၊ မေတ္တာပို့ပေးတာရယ်၊ အုန်းပွဲ ငှက်ပျောပွဲ တင်လှူ ပေးတာရယ် စတာတွေပေါ့။ မခက်ပါဘူး လုပ်ကြည့်ပါ" ဆိုတယ်။ ဒါနဲ့ ငှက်ပျောသီးဘယ်နှစ်ဖီး၊ အုန်းသီးဘယ်နှစ်လုံး သုံးရမလဲ လျှောက် ကြည့်တော့၊ ဘုန်းကြီးက စိတ်တိုလာဟန်အမူအရာနဲ့ ပြောတာက "အုန်းသီးသုံးလုံးကို ငှက်ပျောဖီးတစ်ဖီးကို ဇလုံမှာ ထည့်လှူရတယ်" ပြောမိန့်လို့ သူအမိန့် ရှိတဲ့အတိုင်း အုန်းသီးသုံးလုံးကို ဇလုံကြီးမှာထည့် အုန်းသီးပေါ်မှာ ငှက် ပျောသီးတစ်ဖီးတင်ပြီး ဘိုးတော်ကို လှူတယ်။ အိပ်မက်ထဲမှာလာပြီး ဆူပူကြိမ်းမောင်းတယ်။ "မိုးကြိုးပစ်ခံချင်သလား၊ မြွေပွေးကိုက်ခံချင်လို့ လားတဲ့"။

နောက်တစ်ရက် နှစ်ရက်ကြာတဲ့အခါ အကြွေးယူထားတဲ့ သူက ရောက်လာပြီး ပြောတယ် "ငါကွာ မင်းအကြွေးကို ဆပ်နိုင်ရဲ့သားနဲ့ မဆပ်ခဲ့ဘူး၊ မနေ့ညကတော့ မင်းကိုပဲ သတိရလို့ အိပ်လို့တောင် မပျော် ခဲ့ဘူး။ ချက်ချင်းထလာပြီး၊ အကြွေးဆပ်ချင်တယ်၊ ညမထွက်ရ အမိန့် ထုတ်ထားလို့သာ နို့မို့ဆိုရင် ညသန်းခေါင်ကျော်မှာတောင် လာဆပ်ချင် တယ်၊ ရော့ ရော့ မင်းအကြွေးငွေ၊ အတိုးတော့ နောက်မှပေးမယ် ဆိုလာ တယ်။ အရင်းရရင်တော်ပါပြီ၊အတိုးမယူပါဘူး။ အရင်းတောင်မှ မင်း လိုရင် ပြန်ယူသွားနိုင်တယ်"လို့ ပြောလိုက်တယ်။ "မင်း အကြွေးငွေ မဆပ်ရရင် ငါအိပ်လို့ရမှာ မဟုတ်ဘူး။ ယူပါ မင်းအကြွေး" လို့ အတင်း ဆပ်မှ ယူတယ် "အောင်ပြောင်းပြန်လုပ်မှ အကြွေး ရပါ ကလားနော်"။

## အာဟာရသိဒ္ဓိ ပြီးချင်လို့

ကသာမြို့ "ဖိုးသူတော်တောင်"တွင် သာသနာပြုနေတဲ့ ဦးအရိယဓမ္မဘွဲ့ရ ဆရာတော်တစ်ပါး ရှိပါတယ်။ ထိုဆရာတော်ဟာ အာဟာရသိဒ္ဓိ ပြီးစေတဲ့ဂါထာကို ကြိုးစားရွတ်တယ်။ တစ်နေ့သောအခါ ထိုဆရာတော်က မြစ်ကြီးနားက မော်ဖောင်းဆရာတော် (ခ) အောင်မော်စံ ဆရာတော်ထံ ရောက်ကြွလာပြီး စကားစမြည် ပြောကြတယ်။

အာဟာရသိဒ္ဓိအကြောင်းပါ -

ဖိုးသူတော်တောင် ဆရာတော် "တပည့်တော် အခု အာဟာရ သိဒ္ဓိပြီး စေတဲ့ ဂါထာရွတ် အဓိဋ္ဌာန်ဝင်နေတယ် အရှင်ဘုရားလည်း ရွတ်မယ်ဆိုရင် ဂါထာလှူမယ်ဘုရား။

အောင်မော်စံ ဆရာတော် "အာဟာရသိဒ္ဓိပြီးရင် ဥတုလဲပြီးမယ်၊ ဥတုပြီးရင် စိတ်လဲပြီးမယ်၊ စိတ်ပြီးရင် ကံလဲပြီးမယ်၊ အဲဒီတော့မှ ကံ စိတ် ဥတု အာဟာရ ပြီးတော့တယ်။ အဲဒါ ပြီးရင်

မင်္ဂလာ ဖိုလ်ညာဏ်ရပြီ။ အနည်းဆုံး တော့ ထွက်ရပ်ပေါက် ဝိဇ္ဇာ ဖြစ်မယ်။ တပည့်တော်လည်း အာဟာရသိဒ္ဓိပြီး ဂါထာ ရွတ်ဖူးတယ်။ ဂါထာက ဒီလို "ဦ အစကွေးနာ၊ စကွေးနာထ၊ အာဟာရ သိဒ္ဓိပြီး ဆရာကြီး" ပါပဲ။

ဖိုးသူတော်တောင်ဆရာတော် "ဟုတ်တယ်၊ အဲဒါပဲ တပည့်တော် ရွတ်တာ။"

အောင်မော်စံဆရာတော် "ဒီလိုဆိုရင် အာညောင်းအောင်ရွတ် အာသီးကြွေအောင်ရွတ်၊ ထိုင်ရွတ်ရင်း ဖင်ဂျတ်တက်အောင်ရွတ်၊ အာဟာရ သိဒ္ဓိမပြီးဘူး။ ဒါပေမယ့် အလဟဿ တော့မဖြစ်ဘူး။ အစာအိမ်ရောဂါတော့ မဖြစ်ဘူး။ အဆာလည်းခံတယ်။ ရွတ် တဲ့ ဂါထာ အမှားအယွင်းဆိုပေမယ့် အကျိုး လုံးဝ ယုတ်သွားတာတော့ မရှိ ဘူး။ အပဟာသိကံ မရှိဘူး။ အကျိုးရှိ တန်သလောက်ရှိပါတယ်။

ဖိုးသူတော်တောင်ဆရာတော် "အမှန် ဂါထာက ဘယ်လိုလဲဘုရား။"

အောင်မော်စံဆရာတော် "တပည့်တော်လည်း မသိဘူး ဘုရား။ လူတစ်ယောက်ကို ဘိုးတော်အောင်မင်း ခေါင်ဓာတ်စီးပြီး မိန့်ကြားတာကို ကြုံဖူး မှတ်သားဖူးတာကတော့ "အစာကွေ

နာစာ ကွေနာထ အာဟာရ သိဒ္ဓိပြီး ဆရာပြီး" ဆိုတယ် " အမှန်က ဂါထာ မဟုတ်ဘူး။ မန္တန်ဖြစ်တယ်။

မိုးသူတော်တောင်ဆရာတော် "ဒီလိုဆိုရင် ရွတ်ခဲ့သမျှ သွားပါပြီ။ ပြင် ရွတ်ရတော့မယ်။ ပိုကောင်းမယ်ထင် တယ်။ ပြင်ရွတ်မယ်"။

အောင်မော်စံဆရာတော် "ပိုကောင်းတာက ပုတီးစိပ်ရင်း ရတဲ့ သိဒ္ဓိပါ။"

# ရသေ့ဘိုးတော် ဦးသာခင်

ကချင်ပြည်နယ်၊ မိုးကောင်းမြို့နယ်၊ ထိုဖူးရွာတွင် ဦးသာခင် ဆိုသူ ရှမ်းအမျိုးသားတစ်ယောက် ရှိလေ၏။ ဂျပန်ခေတ်တွင် ဂျပန် စကားပြန်လုပ်ခဲ့လေ၏။ ဂျပန်တပ်များ သွားလေရာသို့ တကောက်ကောက် လိုက်၍ စကားပြန်ရလေ၏။ ဂျပန်များ စစ်ရှုံးသောအခါ သူတို့တွင် ပါလာ သော ရွှေဒင်္ဂါး ရွှေချောင်းနှင့် အခြားအရေးကြီး ပစ္စည်းတို့ကို မြေကျင်း တူး၍ မြှုပ်နှံခဲ့ကြလေ၏။ မိုးကောင်းမြို့၏ အရှေ့တောင် တောတစ် လျှောက်၊ တောင်ခြေတစ်လျှောက် ငါးနေရာတွင် မြှုပ်နှံခဲ့ကြရာတွင် တိုင်းရင်းသား၊ ရှမ်း၊ ကချင်တို့ကို ကျင်းတူးခိုင်း၍ ပစ္စည်းမြှုပ်ကြ၏။ ပစ္စည်းမြှုပ်ပြီးသောအခါ ကျင်းတူးတဲ့ တိုင်းရင်းသားတို့ကို ကွပ်မျက် စတေးကြ၏။ ထိုတိုင်းရင်းသားတို့ကို အုပ်ချုပ်ရန် မိမိတို့၏ ဂျပန်စစ်သား တစ်ယောက် နှစ်ယောက်ကိုလည်း ကွပ်မျက်စတေးခဲ့ကြ၏။

တချို့ကျင်းတူး၍ မြှုပ်နှံရာသို့ ဦးသာခင်လည်း ပါဝင်လေ့ရှိ လေ၏။ သို့သော် စကားပြန်ဖြစ်၍ သူ့ကို မစတေးကြပါ။ စစ်ပြီး၍ ဂျပန် များ မရှိတော့သောအခါ ဦးသာခင်သည် ပစ္စည်းမြှုပ်နှံရာ တောတောင် တစ်လျှောက် ရသေ့ဝတ်၍ မေတ္တာပို့ အမျှဝေလေ၏။ ထိုပစ္စည်းများကို ပြန်တူးယူပြီး တစ်ဝက်စား တစ်ဝက်လှူရန် မေတ္တာရပ်ခံလေ၏။ ထိုအခါ ဆင်မည်းကြီးတစ်ကောင်ရောက်လာ၍ ဦးသာခင်ကို အန္တရာယ်ပြုမည်

ကဲ့သို့ အမှုအရာပြ၏။ ထိုဆင်ကို ဦးသာခင်က သူ့ရဲ့ ဝိဇ္ဇာဘိုးတော်ကို လက်ဝါးနှင့်တားလိုက်ရာ ဆင်ကြီးဟာ ကြောင်ဖြစ်သွားလေ၏။ သူမွေးထားတဲ့ ခွေးကလိုက်လေ၏။ တစ်နေရာသို့ ပြောင်း၍ တရားထိုင်ရာ ကျွဲကြီးတစ်ကောင် နှောင့်ယှက်၏။ ဦးသာခင်က လက်ဝါးနှင့် တားလိုက်ရာ ကျွဲကြီးက ယုန်ဖြစ်သွား၏။ ဦးသာခင်၏ ခွေးကြီးကလိုက်ကိုက်ပြန်၏။ ယုန်ထွက်ပြေးသွားရ၏။

"ရွှေဝက်တိုးစေတီတော်"ကို တည်သောအခါတွင် ဦးသာခင် (ရသေ့)ရောက်လာ၍ လုပ်အားပေး၏။ အုတ်သယ် သဲသယ် စတဲ့ အောက်ခြေသိမ်း အလုပ်ကစ လုပ်အားပေး၏။ ဘုရားဒကာကတော့ မြစ်ကြီးနား တက္ကသိုလ်ကျောင်းအုပ်ဟောင်း ဦးစိုင်းအောင်ထွန်း၊ ဒေါ်နန်းနွမ်နဲ့ မိုးကောင်းမြို့သူ မြို့သားများ၊ မိုးကောင်းတောင်ပိုင်း တောကိုးရွာသူ ရွာသားတို့က တည်ကြခြင်းဖြစ်၏။ ထိုစေတီတော်တည်ထားခြင်း လုပ်ငန်းဟာ အတော့်ကို အခက်အခဲ တွေ့ကြုံကျော်လွှားရလေ၏။ ဘိုးတော်ဆိုတဲ့ ဝိဇ္ဇာများ နတ်များ ကူညီလို့သာပြီးစီးနိုင်ခြင်း ဖြစ်တယ် ပြောဆိုကြ၏။ ဥစ္စာစောင့်ဆိုတဲ့ သိုက်နန်းရှင်တို့လည်း အထူးကူညီကြလို့ ပြီးသွားတယ်ဆိုကြ၏။

ကျောင်းတကာ ဦးစိုင်းအောင်ထွန်း ပြောတယ်။ "ရက်ကန်းစင်တောင်ဆရာတော် (ဝိဇ္ဇာဂိုဏ်းချုပ်) ရာကျော်ဆရာတော်၊ ဘိုးဘိုးအောင်၊ ဘိုးတော်အောင်မင်းခေါင်၊ ဘိုးတော်စိတြ (စိတ္တရ)၊ မိုးကောင်းရှင်ကြီး၊ နန်းရင်းရှင်ကြီးဆိုတဲ့ နတ်ဝိဇ္ဇာတို့ ကူညီကြတယ်။ အထူးတလည် ကူညီတယ်ဆိုတယ်"။ ဦးစိုင်းအောင်ထွန်းဟာ ယခုအခါ အသက်(၈၁) နှစ်ရှိပြီဆို၏။ သူကိုယ်တိုင်ပြောတာက (၁၈)နှစ်ဟု ဆိုလေ၏။

## မိန်းမလေးယောက် ခင်မောင်ဘုရားပွဲခြင်း

ဗုဒ္ဓဘာသာဝင်ဘိက္ခု ရဟန်းတော် ငါးမျိုးရှိတယ်လို့ လေ့လာထားတယ်။ ထိုရဟန်းငါးမျိုးတို့ကတော့ -

(၁) ငယ်ဖြူရဟန်း - ငယ်ငယ်တုန်းက သာမဏေ ကိုရင်ဖြစ်ပြီး လူမထွက်တော့ဘဲ အသက် (၁၉)နှစ်နဲ့ (၃)လ ရတဲ့အခါမှာ ရဟန်းဘောင် တက်သွားပြီး ရဟန်းဘောင်မှာ အရိုးထုတ်သွားတဲ့ ရဟန်းကို ငယ်ဖြူရဟန်း ခေါ်တယ်။ အသက် (၂၀) ပြည့်မှ ဝတ်ရင်လည်း ငယ်ဖြူခေါ်တယ်။

(၂) တောင်ပြန်ရဟန်း - ဒီတောင်ပြန် ရဟန်းကျတော့ အိမ်ထောင်တော့မပြုဘူး။ အသက်(၂၀)ကျော် (၃၀)ကျမှ ဝတ်တဲ့ ရဟန်းကိုခေါ်တယ်။

(၃) တောထွက်ရဟန်း - တောထွက်ရဟန်း ဆိုတာကတော့ အိမ်ထောင်ပြုတယ်။ ကလေးအများကြီးရတယ်။ အိမ်ထောင်ကမှ လေးငါးဆက်ပြုတယ်။ ဒုက္ခပင်လယ်ဝေပြီး သံဝေဂရကာ ဇရာထောင်း မသာလောင်း၊ အသက်ကြီး အချိန်မစီး၊ အချည်းနှီး ဆီးသီးပိုးထိုးသလို ဖြစ်လာတော့မှ ရဟန်းဘောင်ကို

ဝင်လာသူကို တောထွက် ရဟန်း ခေါ်ကြပါတယ်။ သို့သော် တရားရ ဝိဇ္ဇာဖြစ်နိုင်ပါတယ်။

(၄) ဒုလ္လဘရဟန်း - ဒီဒုလ္လဘရဟန်းကျပြန်တော့ အရွယ်မရွေး (၇) ရက်ဝတ် (၁၀)ရက်ဝတ် (၄၅)ရက်ဝတ်၊ (၁)ဝါဝတ်ပြီး လူထွက်၊ နောက်လည်း ခဏခဏ ဝတ် ပြန်ထွက်။ ဒုလ္လဘရဟန်း ဘယ်နှစ်ခါ ဝတ်ရင်လည်း ဝိပဿနာတရားလည်း မရ၊ သမထလည်း မအောင်၊ သိဒ္ဓိမဟိဒ္ဓိလည်းမရ၊ ဈာန်လည်းမရ၊ အကြားအမြင်လည်းမရ၊ ဗုဒ္ဓမှော်၊ ဓမ္မမှော်၊ သံဃာမှော်၊ ဒေဝမှော်လည်း မရ။ ပရိတ် (၁၁)သုတ်လည်းမရဘဲ မိုးတွင်း မိုးခြိမ်း ကောက်ရိုးမီးလောင်သလို ဝုန်းဆို လောင် ဝုန်းဆိုငြိမ်းဂျိန်း - ဂျိန်းဆိုပြီးသွားသလို ရဟန်း တော်ကို ဒုလ္လဘရဟန်း ခေါ်ကြတယ်။ ဒါပေမဲ့သင်္ကြန်အချိန်မှာ ရေမဆော့ဘဲ ဒုလ္လဘ ရဟန်း ဝတ်နေတာကတော့ သင့်တော်တယ်လို့ ထင်ပါတယ်။ အားလုံးကိုတော့ မဆိုလိုပါ။

(၅) တဖြစ်လဲရဟန်း - ဒီတစ်ဖြစ်လဲရဟန်းတော်ကျတော့ ဘာသာခြားက ဝင်လာပြီး ရဟန်းဖြစ်တာကို ခေါ်ကြတယ်။ "တစ်ဖြစ်လဲ"ဆိုတာ ခရစ်ယာန်က တစ်ဖြစ်လဲ ဗုဒ္ဓဘာသာဝင်ပြီး "တစ်ဖြစ်လဲ" ရဟန်းဘောင်သို့ ဝင်သွားသူဖြစ်ပါတယ်။ မွတ်စလင်၊ ဟိန္ဒူတဖြစ်လဲပဲ ရှိတယ်။

ဦးခင်မောင်က အိမ်ထောင်လေးဆက် ရှိခဲ့တယ်။ ရာကျော်ဆရာတော် (ခ) ဦးကိတ္တိ (ခ) သဒ္ဓမ္မဒေဝပုတ္တကိတ္တိနဲ့ တွေ့ပြီး ရာသက်ပန် တပည့်ခံပြီး ရာကျော်ဆရာတော်နောက်သို့ ရှေ့ဖဝါး နောက်ခြေဖဝါး တစ်ထပ်တည်းကျအောင် တကောက်ကောက် လိုက်သွားရတဲ့ ဘဝ ရောက်သွားတော့တယ်။ တစ်နေ့တော့ "ဟေ့ ခင်မောင် အလောင်းတော် ကဿပသွားဖူးရအောင်၊ အဝတ်အစားအပိုယူခဲ့၊ ရိက္ခာ စုဆောင်းစရာ မလိုဘူး၊ လမ်းစရိတ်ငွေလည်း မလိုဘူး" ဆိုတယ်။ များသောအားဖြင့် ခြေကျင် ကုန်းကြောင်း သွားကြတယ်။ အလောင်းတော်ကဿပတော တောင် တစ်နေရာရောက်တဲ့အခါ ဦးခင်မောင်က စိတ်ကူးတယ်။ "ဒီ တောကြီးမျက်မည်းထဲမှာ အခုနေ ကပ္ပိတန်စီးကရက် သောက်ရရင် ကောင်းမှာပဲ" လို့ စိတ်ကူးလိုက်တယ်။ ရာကျော်ဆရာတော်က မိန့်တယ်။ "မင်းအင်္ကျီမှာ အိတ်နှစ်ခုပါတယ်၊ ဘယ်ဘက်အိတ်ကို နှိုက်လိုက်" ဆိုလို့ နှိုက်လိုက်တယ်။ "ကပ္ပိတန်စီးကရက်" ဘူး တစ်ဘူးရတယ်။ တစ်လိပ် ထုတ်ပြီး ဖွာလိုက်တယ်။ ခရီးဆက်တယ်။ တစ်တောလွန် တစ်တောင် တက်ပြီးတော့ စဉ်းစားပြန်တယ်။ "ဒီတစ်ခါတော့ ဗွီ(V)စီးကရက် သောက်လိုက်ရင် ကောင်းမှာပဲ"။ ထိုအခါ ရာကျော်ဆရာတော်က မိန့်တယ်"။ စောစောက ကပ္ပိတန် အခုကျတော့ ဗွီ တောတောင်မှာ မရလွယ်တဲ့ဟာကို အပူသိပ်မကပ်နဲ့ကွ၊ စောစောက ကပ္ပိတန်ကိုထုတ်ကြည့်လိုက်" ဆိုတယ်။ ထုတ်ကြည့်တော့ ကပ္ပိတန်မဟုတ်ဘဲ ဗွီစီးကရက် ဖြစ်နေယ်။ တစ်လိပ်ထုတ်ပြီး ဖွာလိုက်တယ်။

မကြာခင် အလောင်းတော်ကဿပကို ဆိုက်ရောက်လာတယ်။ ဆရာတော်က ခင်မောင်ရှေ့မှာပဲ ဖြုတ်ဆိုပျောက်သွားတယ်။ ခင်မောင်က ငိုတော့တယ် "အခုမှခက်ပြီ၊ ဘာစားရမလဲ၊ အပြန်စရိတ်

လည်း တစ်ပြားမှမရှိဘူး၊ ထမင်းကလည်းဆာလိုက်တာ၊ ဆရာတော် ဆရာတော်" လို့ ဆိုတယ်။ ခဏကြာတော့ အလောင်းတော်ကဿပ တံခါးကြီး အတွင်းထဲက အသံကြားတယ်။ "ခင်မောင် လာခဲ့တော့ ငါက ဖူးပြီးပြီ။ မင်းလာဖူးတော့"။ ဦးခင်မောင်က စောစောက ပိတ်နေတဲ့ တံတိုင်း တံခါးကိုလည်း ကြည့်လိုက်တယ်။ တံခါးပွင့်နေတယ်။ အလွန် ကြည်လင်အေးမြတဲ့ စမ်းချောင်းနဲ့ ရတနာတွေလည်း အများကြီးတွေ့ရ တယ်။ ဆရာတော်က မိန့်တယ် "ငါတို့ ဘုရားဖူးဖို့လာတာ သိုက်တူးဖို့ လာတာမဟုတ်ဘူး။ အဲဒါတွေကို မကြည့်နဲ့၊ မကောက်ကိုင်နဲ့" ခင်မောင် က လန့်အော်တယ်။ "အမယ်လေး ခြေထောက်ပူလိုက်တာ၊ ဆရာတော် ကယ်ပါ။ ကယ်တော်မူပါ" ဆရာတော်က မိန့်တယ် "ပူမှာပေါ့၊ မင်းက ဒကာမတွေ အပြင်ကနေပြီး ပစ်ချလှူဒါန်းထားတဲ့ ရတနာတွေကို မင်းက နင်းမိတာကိုး ၊ တောင်းပန်ကန်တော့လိုက် မြန်မြန်" ဆိုလိုက်တယ်။ တောင်းပန်ကန်တော့လိုက်တော့ အေးသွားတယ်။ ဆရာတော် မိန့်ကြား တယ်။ "ဖူးပြီးရင် ပြန်ထွက်မယ်၊ အပြင်မှာ ဘုရားဖူးတွေ ရောက်နေ တယ်" ဆို၏။

ဆရာတပည့် ထွက်လာတော့ ခင်မောင်က ဆိုတယ် "အဝတ် အစား ရေစိုရွှဲကုန်ပြီ၊ အဝတ်အစားလဲဦးမယ်၊ ဟင် ဆရာတော်ဘုရားရဲ့ သင်္ကန်းက ရေမစိုပါလား" "မတူဘူးလေကွာ၊ မတူဘူး" "ဗိုက်ဆာလိုက် တာနော်" "မင်းလွယ်အိတ်ထဲမှာ ကြည့်၊ ပူပူနွေးနွေး ဒံပေါက်ထမင်း တစ်ထုပ်" "အမလေး စားလို့ကောင်းလိုက်တာ" "မြန်မြန်စား၊ စားပြီးရင် ပြန်ကြွမယ်၊ အနန္တော အနန္တငါးပါးဂုဏ် ကျေးဇူးတော်ကြောင့် စားရပါ ပေတယ်လို့တော့ ပြောဖော်မရှိဘူး၊ ငါ တယ် မင်းသတိထား" "နောက် ကို ပြောပါတော့မယ် ဆရာတော်"။ ။

## ဘိုးတော်အောင်မင်းအောင်

ထိုဘိုးတော်ကို တချို့က ဘိုးတော်အောင်မင်းအောင်ဟု ခေါ်ဝေါ်ကြတယ်။ ကျင့်ကြံအားထုတ်ခြင်း အများဆုံးမြို့ကတော့ ကချင်ပြည်နယ်၊ မိုးကောင်းမြို့ လယ်စိုက်ရှင်း(လယ်ယာစိုက်ပျိုးရေး ကော်ပိုရေးရှင်းဌာန)က မြို့နယ်မန်နေဂျာ ဦးသန်းမြင့်ရဲ့ ဆရာ ဘိုးတော်ဖြစ်တယ်။ ဘိုးတော်မင်းအောင်ဟာ ဆေးဝိဇ္ဇာ ဖြစ်ပါတယ်။ ဆေးကုသရာ၌ ထူးခြားဆန်းပြားစွာနဲ့ အောင်အောင်မြင်မြင် ကုသနိုင်တဲ့ ဘိုးတော်ဖြစ်ပါတယ်။ လက်ဝါးပြင်တီဗွီပိုင်တယ်။

သူ့ကို ဘိုးတော်ဟု ဆိုသော်လည်း အပြီးတိုင် ဖိုဝင်ထုံကူးပြီး အောင်မြင်တဲ့ ဘိုးတော်တော့ မဟုတ်သေးဘူး ဆိုကြပါတယ်။ နားမလည်သူတစ်စုတို့က မနာလိုလို့ တိုင်တောကြတဲ့အတွက် အဖမ်းခံရပြီး (၇) ရက် ဖမ်းချုပ်ခံရပါတယ်။ ဘိုးတော်ရဲ့ လူနာတို့က ဘိုးတော်အစစ်ဖြစ်ကြောင်း ထောက်ခံကြသောကြောင့် အချုပ်မှလွတ်လာပြီး စေတီဘုရားတည်ထားတယ်။ ဘုရားမတည်ခင် မြစ်ကြီးနားမြို့တွင်းက နာမည်ကြီးစေတီများဖြစ်တဲ့ အံတော်ရှင်စေတီ၊ ဆုတောင်းပြည့်စေတီ၊ အောင်နန်းရပ်စေတီ၊ မြေမြင့်ရပ် စဓဗဝစေတီ စတဲ့စေတီတော်များသို့လှည့်လည်

၍ ဘာဝနာအားထုတ်ခဲ့တယ်။ (၁)လကြာသောအခါ ကောလင်းနယ်၊ မိုင်းသုံတောင်တော်သို့ ကြွသွား၍ စေတီတည်ပါတယ်။ ထိုမိုင်းသုံတောတောင်ဟာ မူလပထမ မိုင်းသုံမြို့ဖြစ်ခဲ့တယ်။ အိမ်ခြေတစ်သောင်းရှိခဲ့တယ်။ ဘုန်းကြီးကျောင်းပေါင်း (၂၀)ကျော်ရှိ ခဲ့တယ်။ ထိုမြို့က နတ်ဝှက်လိုက်လို့ ပျောက်သွားတယ်။

ယခုထက်တိုင် တချို့တောလိုက်သူများ၊ ထင်းခွေသွားသူများ၊ သစ်ခုတ်သူများ၊ ဝါးခုတ်သူများ၊ ဟင်းသီးဟင်းရွက်ရှာသူများ၊ နွားကျောင်းသားများက ထိုနတ်ဝှက်(နတ်ဖွက်)မြို့ကို တွေ့ရှိပြီး ရေတောင်းသောက်၊ ထမင်းတောင်းစားကြတယ်။ တစ်မြို့လုံး လှည်းသံ၊ စပါးထောင်းသံ၊ ဆိုင်းဘုံ ဗုံသံ၊ ကလေးငိုသံ၊ တေးဆိုသံကြားရတယ်။ ပိန္နဲသီး၊သရက်သီး၊ ငှက်ပျောသီး၊ သြဇာသီး၊ သလဲသီး၊ ဆီးသီး၊ မက်မွန်သီး၊ မက်မန်းသီး၊ ကျွဲကောသီး၊ ရှောက်ပန်းသီး၊ ရှောက်သီး၊ သံပရာသီး၊ ကနားစိုးသီး(ကနဖိုးသီး) ခြံထွက် ဘူးသီး၊ သခွား၊ ဖရုံ၊ ခရမ်း၊ ခရမ်းချဉ်သီး၊ စတဲ့အသီးအနှံတွေဟာ တကယ့် တောရွာ၊ တောမြို့သဘာဝအတိုင်းတွေ့ရတယ်။ တောင်းစား ဝယ်စားလို့ရတယ်။ အိမ်ကို ယူမသွားရပါ။

အထူးသဖြင့် ရိုးရိုး မန်ကျည်းသီး၊ ရွှေတောင့်မန်ကျည်းသီး၊ ဖရုံ အနက်၊ နနွင်းအနက်၊ မုန်ညင်းခါး၊ မုန်ညင်းနက်၊ သစ်ခွအနက်၊ ကင်မလင်းအနက်၊ စပါးလင်အနက်၊ ဝဥအနက်၊ ကန်စွန်းဥအနက်၊ ပိန်းဥအနက်၊ စောင်းလျားအနက် စတဲ့အနက်လေးဆယ့်ငါးမျိုးလည်း စုံလင်လှတယ်။

ဤတွင် အနက်မျိုးစုံထဲက အထူးအနက်များအကြောင်း ရေးရပါဦးမည်။ စိန်တဘော် အနက်ဟာ ထူးခြားပါတယ်။ စိန်တဘော်ဖူးကိုကြော်စား၊ အချဉ်ဟင်းချက်စား၊ ငါးပိတို့စားကြတယ်။ ဆန်လှော်ဟင်း

လည်း လုပ်စားကြတယ်။ စိန်တဘော်မှာ အနွယ်ဖြစ်တယ်။ ကိုးသားသီး (ကိုးကြိမ်သီး) အထိ အနွယ်ကြီးတယ်။ အနွယ်ရဲ့ အရွယ်အစားဟာ မတ်လုံး၊ ငါးမူးလုံး၊ ကျပ်လုံး၊ အဝန်းရှိတယ်။ အရွက်အတော်ကြီးတယ်။ အဖြူ၊ အညို၊ အစိမ်း သုံးမျိုးရှိတယ်။ ကိုးကြိမ် အသီးသီးပြီးလျှင် အပင် (အနွယ်) ဟာ သေးငယ်သွားပြီး တရုတ်တူခနဲ့ အရွယ်ဖြစ်သွားပြီ၊ အနက် ရောင် ဖြစ်သွားပါတယ်။ သိဒ္ဓိတန်ခိုးရှိလာတယ်။ အနက်ဖြစ်သွားလျှင် အသီး မသီးတော့ပါ။ ဝိဇ္ဇာဆေးအဖြစ် သုံးလို့ရပါတယ်။

ဝင်းပြင် ဘယဆေးဆိုတဲ့အတိုင်း တိုင်းရင်းသား ဆေးပင်အမျိုးမျိုးလည်းရှိတယ်။ ရရှိတဲ့ပုဂ္ဂိုလ် အများအပြားရှိကြတယ်။ သို့သော် တစ်ခါ သာရပြီး နောက်တစ်ခါမရနိုင်တော့ပါ။ မရတော့တာက မြို့ရွာကို ရှာမ တွေ့တော့လို့ ဖြစ်ပါတယ်။ ဘိုးတော်မင်းအောင်ဟာ ထိုတောင်တွင် စေတီ ငါးဆူတည်ပြီး ထွက်ရပ်ပေါက်ရန် ဖြစ်သော်လည်း မထွက်နိုင် ဖြစ်သွားပါတယ်။ နောက်မှ ဘိုးတော်အောင်မင်းခေါင်ကို တပြီး ကျင့်ကြံ တော့တယ်။ ဘိုးတော်အောင်မင်းခေါင်က အမိန့်ရှိတယ်။ "ကျောင်း တစ်ဆောင် ဆောက်ပါဦး၊ ဆောက်ပြီးရင် ထွက်လို့ရပြီ" ဆိုတယ်။ ကျောင်းဆောက်ရန်မှာ မလွယ်လှပါ။ တောင်ကမ်းပါးက မတ်မတ်ဖြစ် နေလို့ ကျောင်းတိုင်ကို ယူဆောင်(တင်ယူ)လို့ မရဖြစ်နေတယ်။ မိုင်းသုံ ရှင်ကြီး (ဘိုးဘိုးကြီး) ကို အကူအညီတောင်းရာ အုန်းပွဲ ငှက်ပျောပွဲ (၉)ကိုးပွဲ တင်ရန်ပြောဆိုတယ်။ တင်လှူတဲ့နောက် ဘိုးတော် မင်းအောင် ရဲ့ ပါးစပ်က လွှတ်ခနဲ လွှတ်ခနဲ အသံထွက်လာတယ်။ "တက်ဟ၊ တက် ပါဟ၊ ကျောင်းတိုင်တွေ ကျောင်းတိုင်တွေ" ဆိုသောအခါ ကျောင်းတိုင် များ သူ့အလိုလို တောင်ပေါ်ရှိ ကျောင်းမြေနေရာသို့ တက်သွားကြပြီး ကျောင်းပြီးအောင် ဆောက်လိုက်ပါတယ်။

ကျောင်းပြီးလျှင် ရသေ့များ၊ သီလရှင်များကို ပင့်ပြီး စေတီစောင့်၊ ကျောင်းစောင့်အဖြစ် ထားရှိခဲ့တယ်။ ထွက်ရပ်စခန်းသို့ ဘိုးတော်မင်းအောင်ရှင်ပျော်ပျော် ရောက်သွားပါတော့တယ်။ ဤအကြောင်းကို ဘိုးတော်မင်းအောင်ရဲ့ တပည့် ဘိုးတော်ထွန်းရွှေက မြစ်ကြီးနားမြို့ ဇရာ ရပ်ကွက်၊ အမှတ်(၁၀၃)နေ ဦးဘအေး၊ ဒေါ်မြမေ (အငြိမ်းစားလယ်ဝန်) နေအိမ်သို့ရောက်လာစဉ် ပြောပြတာကြောင့် သိရခြင်းဖြစ်ပါတယ်။ ရေးသားတင်ပြခြင်းဖြစ်ပါတယ်။

ဘိုးတော်မောင်ထွန်းရွှေလည်း နာမည်ကြီး ဆေးဆရာတစ်ပါး ဖြစ်သွားပါတော့တယ်။ ဝိဇ္ဇာများအကြောင်း ခရေစေ့တွင်းကျ ဂဃနဏ သိရှိနိုင်ရန် ခက်ခဲလှတဲ့အတွက် ဉာဏ်မီသရွေ့ ရေးသားတင်ပြခြင်းသာ ဖြစ်တော့တယ်။ ဆက်လက်လေ့လာ ဆည်းပူးရပါဦးမည်။

## ယူနန်တရုတ်နှင့်ဘိုးတော်

အသက်(၂၉)နှစ်ရှိတဲ့ တရုတ်လူမျိုးကို ဘိုးတော်လိုလိုကျောင်းဆရာလိုလို ကျောက်စိမ်းပွဲစားလိုလို လူတစ်ယောက် ရောက်လာပြီးတော့မေးတယ်။ "ဟေ့ အောင်ကြီး ဘယ်လိုလဲ၊ မင်းက အသက်ငယ်ငယ်နဲ့ မြစ်ကြီးနားမြို့မှာ အချမ်းသာဆုံးသူဌေးဖြစ်ချင်လို့ ရွှေကျင်တယ်ဆို၊ အခု ဘယ်လိုလဲကွ၊ မင်းငိုက်လှချေလား၊ ငိုင်နေပြီဆိုကတည်းက အခြေမလှဘူးဆိုတာ သိသာနေပြီ ဟုတ်တယ်မဟုတ်လား" ဆိုလေ၏။

တရုတ်ကပြော၏ "ကျွန်တော်ရွှေသွားကျင်တာ သိန်း(၁၀၀၀) ရှုံးလို့ ခေါင်းစပ်ချင်စိတ်(သေချင်စိတ်)ပေါ်နေတယ်ဗျာ။ ဘယ်လိုလုပ်ရမှန်းမသိဘူး။ ခင်ဗျားအနေနဲ့ အကြံပေးနိုင်မယ်ဆိုရင် ပေးစမ်းပါ။ (အကျန်) မဟုတ်ဘူး။ အကြံ" ဆိုလေ၏။ ထိုအခါ ထိုပုဂ္ဂိုလ် က ပြော၏။ "အောင်မော်စံ ဆရာတော်ဆီ သွားပါ၊ သူအမိန့်ရှိတဲ့ အတိုင်း လုပ်ရင် အောင်မြင်တာများတယ်လို့ ငါကြားဖူးတယ်" ဆိုလေ၏။ တရုတ် လူငယ်ပြော၏။ "ကျွန်တော်လည်း အောင်မော်စံဆရာတော်ဆိုတဲ့အသံ ကြားဖူးတာတော့ ကြာပါပြီ။ မသွားဖြစ်ဘူး၊ ဘယ်နားမှာလဲ ခင်ဗျာ၊ သူ့ကျောင်းက" ဆိုလေ၏။ ထိုပုဂ္ဂိုလ်က ပြော၏။ "မော်ဖောင်းရွာမှာလေကွာ၊

တပ်မတော်လေယာဉ်ကွင်းကြီးရဲ့ အနောက်နားမှာ ရှိတယ်။ အောက်မော်ဖောင်း၊ အလယ်မော်ဖောင်း၊ အထက်မော်ဖောင်း ဆိုပြီး ဖောင်းသုံးဖောင်းရှိတယ်။ အောင်မော်စံကျောင်းက အောက်မော်ဖောင်းမှာပါတယ် ဆိုတယ်။ မြစ်ကြီးနားမြို့နဲ့ (၉)ကိုးမိုင် ဝေးတယ်။ မြစ်ကြီးနားရဲ့အနောက်ကိုးမိုင် ကိုပြောတာနော်" ဆိုလေ၏။ ထိုအခါ တရုတ်လူငယ်က ဆို၏။

"ကျွန်တော်ဒီနေ့ပဲ ဖြစ်အောင်သွားမယ်၊ အဆင်ပြေပါရစေ၊ ခင်ဗျားကိုလည်း ကျေးဇူးတင်ပါတယ်"ဟုဆိုလေ၏။ ဤသို့နှင့် တရုတ်လူငယ်ဟာ အောင်မော်စံကျောင်းသို့ဦးတည်၍ ဆိုင်ကယ်နှင့်လာလေ၏။ မော်ဖောင်းရွာကို လွန်၍ နန်းကွေ့ချောင်း တရုတ်တံတားသို့ ရောက်သွားလေ၏။ "ဟာ ဟာဒါ မဟုတ်တော့ဘူး၊ တံတားကို ကျော်လွန်ရင် ရှဒေါင်ရွာ (SHADAU)ကို ရောက်တော့မယ်။ ပြန်လှည့်မယ်ဆိုပြီး လှည့်ပြန်၏။ လမ်းနံဘေးက အိမ်တန်းရှည် ရွာတန်းရှည် ရှိလေ၏။ မေးကြည့်လေ၏။

"ဟိုး နောက်မှာ ကျန်ခဲ့ပြီ"ဆို၏။ ပြန်လှည့်လာရာ အလယ်မော်ဖောင်းရွာကို လွန်သွားပြန်၏။ မေးရပြန်၏။ "နောက်မှာကျန်ခဲ့ပြီ" ဆိုလေ၏။ ပြန်လှည့်လာ၏။ မလှမ်းမကမ်း ရောက်တော့ မေးပြန်၏။ "နောက်မှာ ကျန်ခဲ့ပြီ၊ သိပ်တော့ မကျန်ဘူး၊ ဟိုနားမှာ သုံးဘီးကား(၂)စီး ရပ်ထားတယ်၊ လက်ဖက်ရည်ဆိုင်လည်း ရှိတယ်။ အဲဒီလမ်းကနေ အနောက်တည့်တည့်လမ်းကိုသွား၊ အောင်မော်စံကျောင်းကို တဲ့တိုးရောက်ကရော" ဆိုလေ၏။ မကောင်း တကောင်း လျှောက်လမ်းအတိုင်းလာခဲ့ရာ အောင်မော်စံကျောင်းသို့ ဒိုးဒိုးဒေါက်ဒေါက် ရောက်လေတော့၏။

ရောက်ရောက်ချင်း "အရှင်ဘုရား အောင်မော်စံဆရာတော်လားဘုရား" ဆိုလေ၏။ ဆရာတော်က မိန့်ကြား၏။ "အောင်မော်စံဆရာ

တော် မဟုတ်ဘူး၊ အောင်မော်စံ ဘုန်းကြီး။ ငါ့ကို ဆရာတော်မခေါ်နဲ့၊ ဘုန်းကြီးပဲခေါ်ပါ။ ငါ ပါဠိစာ ဘာမှမအောင်ဘူး၊ အသက်ကြီး ဝါကြီး ဘုန်းကြီး ဖြစ်ပါတယ်။ မင်းကိုကြည့်ရတာ တရုတ်ဆိုင်ကယ်စီး (တရုတ်လုပ်စီး) ပြီး လူက မောနေပုံရတယ်။ ချွေးကလည်းပြန်လို့"ဆိုလေ၏။ သူက ဆက်ပြောလေ၏။ "အရှင်ဘုရားက ဆိုင်းဘုတ်မထားလို့ တပည့်တော်လာတာ မြောက်ဘက်ကျော်သွားလို့၊ တောင်ဘက်ကိုကျော်သွားလိုက်နဲ့ လူကမမော စိတ်ကမောတယ်၊ စိတ်မမောတော့ လူပါလိုက်မောတယ် ဘုရား"ဆိုလေ၏။

ဘုန်းကြီးက အမိန့်ရှိတယ် "ကျောင်းဆိုင်းဘုတ် အကြီးကြီး အရင်တုန်းက လမ်းထိပ်မှာထားတယ်၊ သူများခဲနဲ့ထု ဓားနဲ့ခုတ်လို့ ပြိုသွား ပြုတ်သွားတာ သာသနာ့အလံ ထူထားရင်လည်း ဒီလိုပဲ၊ ဓားနဲ့ခုတ်လှဲပစ်ကြတယ်။ လူတွေ လုပ်တာမဟုတ်ဘူး။ နတ်တွေ လုပ်တာဖြစ်မယ်၊ လူက မလုပ်ကောင်းဘူးလေ"ဆိုလေ၏။

တရုတ်က ဆက်ပြော၏။ "တပည့်တော် ရွှေရှုံးတာများနေပြီ၊ သူငယ်ချင်းဆီက ငွေသိန်း (၅၀၀) ငါးရာချေးပြီး ရွှေသွားကျင်တယ်၊ ရှုံးတယ်၊ သူငယ်ချင်းကို ရွှေရှုံးကြောင်း ပြောပြတယ်၊ နောက်ထပ် သူ့သဘောနဲ့ ငွေသိန်း(၅၀၀) ငါးရာချေးပေးတယ်။ သွားကျင်ပြန်တယ်။ ရှုံးပြန်တယ်၊ ပေါင်း သိန်း(၁၀၀၀)တစ်ထောင် ရှုံးတယ်၊ အရှင်ဘုရားကယ်နိုင်ရင် ကယ်ပါဘုရား"ဆိုလေ၏။ ဘုန်းကြီးက မိန့်၏။ "ငါ မရှုံးခိုင်းဘူး၊ မင်းဟာမင်း ရှုံးတာ၊ ဘယ်တတ်နိုင်မလဲ"ဆိုလေ၏။ သူကဆက်၍ "တပည့်တော် အသက်ငယ်ငယ်နဲ့ အိမ်ထောင်ကျတယ်၊ အခုကလေး (၂)ယောက်ရှိတယ်၊ လုပ်ကျွေးရဦးမယ်လေ"ဆိုလေ၏။ ဘုန်းကြီးက မိန့်ပြန်၏။ "ဘုရားက အိမ်ထောင်မပြုခိုင်းဘူး။ စီးပွားရေးလည်း မလုပ်

နိုင်ဘူး။ တရားပဲ ရှာခိုင်းတယ်" ဟု ဆိုလေ၏။

တရုတ်ကလေးက ဆို၏။ "ခက်ပါပြီဘုရား၊ ခက်ပါပြီ သေလိုက်ချင်ပြီ" ဆိုလေ၏။ ဘုန်းကြီးက ဆက်မိန့်၏။ "မသေနဲ့ဦး၊ မင်းက တရုတ်ဆိုတော့ မင်းသေရင် တရုတ်ထုံးစံနဲ့ မသာပွဲလုပ်ရင် ငါကသက်ပျောက်ဆွမ်း၊ မြေကျဆွမ်း၊ ရက်လည်ဆွမ်း၊ လလည်ဆွမ်း၊ နှစ်လည်ဆွမ်း စားရမှာမဟုတ်ဘူး။ မင်းချမ်းသာဖို့ နည်းနည်းလိုနေတယ်။ နာမည်ကလေးလိုနေတာပါ။ နာမည်က အောင်ကြီး ဆိုတော့ အညွန့်တိုးလိုက် "အောင်ကြီးစံ" အောင်ရဲ့ အညွန့်က ကြီးရဲ့အညွန့်က စံ ခေတ္တပြောင်းယူတဲ့ နာမည်နဲ့ ရွှေသွားကျင်ပါ၊ ငွေ (၃၀၀) သိန်းသုံးရာချေးလိုက် အောင်မယ် အောင်သေအောင်သား စားရမယ်" ဆိုလေ၏။

တရုတ်ကလေးကပြော၏။ "ဘယ်မှာ လုပ်ရမလဲ" အောင်မော်စံဘုန်းကြီးကမိန့်၏။ "မင်း သိန်းတစ်ထောင် ရှုံးတဲ့နေရာမှာပဲလုပ်၊ စိတ်ကူးမလွဲနဲ့" ဆိုလေ၏။ တရုတ်ကလေးက သွားလုပ်၏။ အောင်၏ အကြွေး သိန်း (၁၀၀၀)ကြေ၏။ ငွေအတော်များများ ပို၏။ တစ်လကြာသော် သေသွား၏။ ရွှေနဲ့ငွေ (၅)သိန်း အောင်မော်စံဘုန်းကြီးကို လှူ၏။ ဘုန်းကြီးကမယူပါ၊ အလှူမခံပါ၊ ပြန်ပေးလိုက်၏။ ရွှေ (၈) ရွေးသားကိုသာ ယူထား၏။ "ငါပြောတယ်လေ၊ အောင်သေအောင်သား စားမယ်လို့" အခုအောင်ပြီး သေသွားရော မင်းတို့က ဗမာစကားမှ မတတ်ဘဲ။ ဘာဖြစ်လို့ သေသွားတာလဲ" မေးကြည့်ရာ "မကောင်းတဲ့မိန်းမ ခေါ်အိပ်လို့ သေသွားတယ်"ဟု ဇနီးသည် မကျူရှင်းကပြော၏။

ဘုန်းကြီးက မေး၏။ "ကျူရှင်း မင်း ယောကျ်ား ရွှေအောင်တဲ့ငွေကို ဘာလုပ်သလဲ" ဆို၏။ မကျူရှင်းက ပြော၏။ "တိုက်ဆောက်တယ်၊ ခြံဝယ်တယ်၊ ပါဂျဲရိုးကားဝယ်တယ်၊ ကလေး(၂)နှစ်ယောက်ကို

တရုတ်ပြည်မှာ သွားထား၊ ငွေအများကြီး ထောက်ရတယ်" ဆိုလေ၏။

အောင်မော်စံဘုန်းကြီးက ဘိုးတော်အောင်မင်းခေါင် အမိန့်ရှိတဲ့ နည်းနဲ့သုံးတယ်။ ဒါပေမယ့် လူ့အလို နတ်မလိုက်နိုင်တဲ့အပြင် ဝိဇ္ဇာလည်းမလိုက်နိုင်ပါကလားဟု သံဝေဂတရားရတာကလွဲလို့ ဘာအကျိုးမှမရှိပါ။ ။

# လက်ရွေးစင် ဘောလုံးသမားနှင့် ဘိုးတော်

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့တွင် မဆလ ခေတ်တုန်းက ပြည်နယ်လက်ရွေးစင် ဘောလုံးသမား ရှိလေ၏။ သူဟာ ဘိုးတော် အောင်မင်းခေါင်ကို ပူဇော်တဲ့ဂိုဏ်းဝင် တစ်ဦး၏ သမက်ဖြစ်လေ၏။ ဘောလုံးကန် ဝါသနာပါသောကြောင့် ပညာရေးအရာ၌ ဘူပိတ်သွား လေတော့၏။ ဘောလုံးလောကမှလည်း ပူစီဖောင်းရောင်းတဲ့လူရဲ့ ပူစီ ဖောင်းကို လက်ဆော့တဲ့ကလေးက ဆားကိုအရည်ဖျော်ပြီး ပက်ဖျန်းခြင်း ခံရလို့ ပူစီဖောင်းတို့ဟာ အမေရိကန်စစ်ကားထဲက "စနိုက်ပါမင်း" ပစ် လိုက်တဲ့ ဒဏ်ခံရပြီး ရန်သူတို့က တစ်ယောက်ပြီးတစ်ယောက် တဖြုတ် ဖြုတ် ကျဆုံးကုန်သကဲ့သို့ ဘောလုံးကန်လိုတဲ့ စိတ်ဟာ တစ်ခုပြီးတစ်ခု တစ်စိတ်ပြီး တစ်စိတ် ပေါက်ကွဲ ကျဆုံးသွားတဲ့အတွက် ဌာနတစ်ခုတွင် ဝန်ထမ်းလိုက်ရတော့၏။ ရာထူးက ငယ်သော်လည်း လူကြီးကသဘော ကောင်းတဲ့အတွက် ဆုကြေးရရှိခြင်း၊ ဘောက်ဆူးရရှိခြင်းကြောင့် တနလ်ာနံနဲ့ အတူ တစ်အူထုံ့ဆင်း ဖွားဖက်ရင်းကဲ့သို့ အမြဲတမ်းလို အိတ်ဖောင်းနေလေ၏။ အိတ်မပိန်၊ ဇိမ်တွေ့နေလေ၏။

ထို့ကြောင့် လူ့လောကတွင် လူဖြစ်ရတာ ပျော်စရာအတိဖြစ်နေတယ်ဟု သူကထင်မြင်လာလေ၏။ သို့ရာတွင် အရာရာတိုင်းဟာ အနိစ္စ ဒုက္ခ အနတ္တ၊ သခ်ါရ၊ ဖြစ်ပျက် သဘောတရားနဲ့ မကင်းတဲ့အတွက် ဘောလုံးသမားပေါင်းကလည်း ထိုနည်းတူစွာ ယိုယွင်းချည့်နဲ့ လာလေတော့၏။ ထို့ကြောင့်သာလျှင် အောင်မော်စံဆရာတော်၏ ရှေ့မှောက်သို့ သမင် ဒရယ်တစ်ကောင်ဟာ ကျားကြီးရှေ့တွင် ချော်လဲသကဲ့သို့ ရောက် လာလေ၏။

အောင်မော်စံဆရာတော်အား စုံစမ်းသလိုလို ခေါ်မေးသလိုလို၊ စနည်းနာသလိုလို၊ အကဲစမ်းသလိုလို၊ ပညာစမ်းသလိုလို လုပ်လေ၏။ အောင်မော်စံနှင့် ခင်မင်ရင်းနှီးလာ၏။ ပြောမနာဆိုမနာ ဖြစ်လာ၏။ လိုအပ်တာကိုလည်း လျှောက်ထားလေ၏။ အောင်မော်စံက စိတ်တိုလာလို့ "မင်းအဆင်မပြေ ဖြစ်လာတာ ငါနဲ့ ဘာဆိုင်သလဲ (ငါ ိုးမ) ဟုပြောလိုက် တာကို ခံရ၍ မျက်နှာပုပ်သိုးကာ ပြန်သွားလေ၏။ နောက်သုံးရက်ကြာ တဲ့အခါ (ငါ ိုးမ = ၂၄၅) ထွက်လာတဲ့ အခါ မိုးကြိုးပစ်ခံရသကဲ့သို့ ခံစားရ၏။ ကျောင်းသို့လည်း မလာတော့ပါ။ နောက် (၂)လခန့် ကြာတော့မှ ရောက်လာပြန်၏။ အောင်မော်စံ ဆရာတော်က ဆိုပြန်၏။ (ငါ ိုးမ) လာပြန်ပြီလား" ဆို၏။ တပည့်တော် အသုံးမကျတာကို တောင်းပန်ပါတယ် ဆိုပြီး ဝတ္ထုငွေသုံးသောင်းလှူ၍ ပြန်သွား၏။ နောက်သုံးရက်ကြာသော် (ငါ ိုးမ = ၂၄၅) ထွက်ပြန်၏။ ဘောလုံးသမားပေါင်းက ဆင်နင်းခံရသကဲ့သို့ခံစားရပြန်တူ၏။ "တပည့်တော်အသုံးမကျတဲ့အတွက် ဒဏ်ကြေး လာဆောင်ပါတယ်" ဆိုပြီး ငွေကျပ် တစ်သောင်းနှင့် တောင်းပန်ကန်တော့ပြီး စကားစမြည်ပြောပြီး ပြန်သွားလေ၏။ နောက် (၅)လခန့်ကြာသော် အောင်မော်စံဆရာတော်ထံရောက်လာပြီး

ငွေနှစ်သောင်းလှူ၏။ "ဘိုးတော် အောင်မင်းခေါင်ကို အုန်းပွဲငှက်ပျောပွဲ တင်လှူတဲ့အခါ ငွေထည့်လှူပြီး စွန့်ထားတဲ့ ငွေဖြစ်ပါတယ်" ဆို၏။ ထိုအခါ အောင်မော်စံဆရာတော်က မိန့်၏။ "မင်းကိုငါ ကယ်တာမရပါ လားကွာ၊ (ငါ်ိုးမ = ၂၄၅)ကို နှစ်ခါပေးတာ မရဘူး။ မင်းဟာ (ငါ်ိုးမပါဘဲ) ဆို၏။ ဘောလုံးသမားဟောင်းက ငေါင်းစင်းငေါင်းစင်းနှင့် ခေါင်းငိုက် စိုက်ချ ပြန်သွားလေ၏။

နောက်သုံးရက်ကြာတော့ (ငါ်ိုးမ = ၂၄၅) မထွက်ဘဲ (၅၄၂) ထွက်လာလေ၏။ သူကရောက်လာပြီး ပြော၏။ "တပည့်တော် သေသာ သေလိုက်ချင်တော့တယ်၊ ဒဏ်ကြေးအဖြစ် ၁၀၀၀၀ (တစ်သောင်း) ကန်တော့ပါတယ်" ဆိုလေ၏။ "ငါ လိမ္မာပါပြီ၊ ဘာမှမပြောတော့ဘူး" ဟု အောင်မော်စံဆရာတော်က မိန့်လေသတည်း။ ။

## ချော်ဘိုးတဲကြီး

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ရဲ့ အနောက် (၉)မိုင်အကွာတွင် အောင်မော်စံကျောင်းတိုက်ဆိုတဲ့ "တောရကျောင်းတစ်ကျောင်း" ရှိလေ၏။ လွန်ခဲ့တဲ့ နှစ်ပေါင်း (၆၀၀)ခန့်တွင် ဤတောရကျောင်း နေရာဟာ ရှမ်းရွာဖြစ်ခဲ့တယ်လို့ မြစ်ကြီးနားမြို့တွင်းက သက်ကြီးဝါကြီး ရဟန်းရှင်လူတို့က ပြောဆိုကြလေ၏။ အများသိမှာ တစ်မျိုးဖြစ်၏။ "မော်ဖောင်းရွာ" ဟု ခေါ်ကြ၏။

မော်ဖောင်းဒေသကို သဘာဝက နှစ်ပိုင်းခွဲခြားထားတာကို တွေ့ရလေ၏။ ကုန်းမော်ဖောင်းနှင့် ကျွန်းမော်ဖောင်းဖြစ်လေ၏။ ကြာအံချောင်းနှင့်နန်းကွေ့ချောင်းကြားဖြစ်၍ ကျွန်းဖြစ်နေလေ၏။ ဤကျွန်းတွင် အောင်မော်စံ တောရကျောင်းဖြစ်ပေါ်လာခြင်းဖြစ်၏။ ရှမ်းရွာကျွန်းဖြစ်ခဲ့သောကြောင့် စေတီပောင်း၊ ရုပ်တုပောင်း၊ ဆင်းတုတော်ပောင်းများကို တူးဖော်ရရှိကြလေ၏။ ရွာပျက်သွားတာက အနှစ်(၆၀၀)ခန့်ရှိသွားပြီဆိုတော့ တောကြီးမျက်မည်း ဖြစ်ခဲ့တာလည်း ဤနှစ်အတိုင်းအတာနဲ့အမျှ ကြာမြင့်ခဲ့၍ ယောကျ်ားပုဆိုး တစ်ပိုက်နှစ်ပိုက်ခန့် ကြီးမားတဲ့

သစ်ပင်ကြီးများ ချုံနွယ်ပင်များ ထူထပ်စွာပေါက်ရောက် ပြည့်ပွမ်းလေ၏။ ဤသစ်ပင်တို့ကို အင်္ဂလိပ် လက်အောက်သို့ မြန်မာပြည် ကျရောက်သွားတဲ့ "ကျွန်လက်ထက်" အင်္ဂလိပ်တို့က ခုတ်ယူ၍ လိုအပ်သလို၊ အလိုရှိသလို သုံးစွဲခဲ့ကြ၏။ ကျန်ရှိတဲ့ တောကို မဆလ လက်ထက် တွင် မြေထိုးစက်များ၊ မြေညှိစက်များနှင့် ထိုးဖျက်ထိုးရှင်းကာ ကြံခင်းလုပ်လေ၏။ ထိုကြံတို့ကို နမ္မတီးသကြားစက်၊ ဆားမော်သကြားစက်သို့ ပို့လေ၏။

ကြံစီမံကိန်း ပျက်ပြုန်းသွားသောအခါ မြက်တောကြီးဖြစ်လာ၍ နွားစားကျက်မြေ၊ ကျွဲစားကျက်မြေ၊ ဆိတ်စားကျက်မြေ၊ သမင် ဒရယ် စတဲ့ တောတိရစ္ဆာန်တို့၏ စားကျက်မြေဖြစ်လာတော့၏။ ၁၉၉၅ ခုနှစ်၊ မေလ ၂၇ ရက်နေ့မှစ၍ အောင်မော်စံတောရကျောင်းဖြစ်လာ၏။ ၁၉၉၆ ခုနှစ်မှစ၍ အောင်မော်စံ လူနေရွာ (အောင်မော်စံရွာ)ဖြစ်လာလေ၏။ ဤရွာဟာ ဘာသာခြားတို့ ပျော်စံရာရွာဖြစ်၍ "အောင်မော်စံ တောရကျောင်းတိုက်"နှင့် ဆီနှင့်ရေ မတည့်အတူနေ ပြဒါးတစ်လမ်း၊ သံတစ်လမ်း မတည့်ပေမယ့် ခရီးအတူသွား၊ အတူနေ၊ သံပရာသီးနဲ့ ပိန္နဲသီး မတူသော်လည်း ဒီမြေကြီးမှာ အတူပေါက်၊ တစ်မိုးအောက် အတူနေ၊ တစ်လေတည်း အတူရှူ၊ တစ်ရေတည်းသောက်၍ ဒီမြေ ဒီကျွန်းတွင် အတူနေကြ၏။ သူ့ဘာသာဘာဝ သူ့နည်းသူ့ဟန်၊ သူ့မာန် ကိုယ့်နည်းကိုယ့်ဟန် ကိုယ့်မာန်နဲ့ ပျော်ရင်လည်းနေ မပျော်ရင်လည်း နေနေကြရ၏။ နေ့တွင် နေရောင်၊ ညတွင် လရောင် အတူခံကြ၏။

"အောင်မော်စံတောရဆရာတော်"ဟာ မည်သည့် လူမျိုး၊ ဘာလူမျိုးဟု အကဲခတ်ရခက်တဲ့ ဆရာတော်ဖြစ်၏။ တရုတ်နဲ့တူသလိုလို၊ ရှမ်းနဲ့တူသလိုလို၊ ကရင်နဲ့ တူသလိုလို၊ ပအို့ဝ်နဲ့ တူသလိုလို၊ တိဗက်နဲ့

တူသလိုလို၊ ပလောင်နဲ့ တူသလိုလိုပဲဟု ဆိုကြ၏။ (သလိုလို) လူမျိုးဟု သာ ဆိုလိုက်ချင်၏။

ပဒုံမင်း ခေါ် ဘိုးတော်ဘုရားဟာ အိန္ဒိယနိုင်ငံရဲ့ ပြည်နယ်ဖြစ်တဲ့ အာသံ၊ မဏိပူရ၊ ကသည်း ပြည်နယ်တို့ကို တိုက်ခိုက်သိမ်းပိုက်သောအခါ မြန်မာပြည်၏ မြောက်ပိုင်း အစွန်ဆုံးသားတို့ကို စစ်သားစုဆောင်း၍ တိုက်ခိုက်ခဲ့လေ၏။ သိမ်းပိုက်ပြီးလျှင် ထိုတောင်ပေါ်သားတို့အား ရေတပ်ဟုဆိုတဲ့ လှေ၊ သင်္ဘောတပ်တွင် အမှုထမ်းစေလေ၏။ ဘိုးတော်ဘုရား နတ်ရွာစံသောအခါ သားတော် မင်းတုန်းမင်းတိုင်အောင် လည်းကောင်း၊ မင်းတုန်းမင်း၏သားတော် သီပေါမင်းတိုင်အောင် လည်းကောင်း၊ ထိုဧရာဝတီမြစ်ဖျားသား၊ မြစ်ဆုံသား၊ မြောက်စွန်မြောက်ဖျားသား၊ တပ်မတော်သားတို့ကို ဆက်လက်၍ အမှုထမ်း (စစ်မှုထမ်း)စေ၏။

"သင်္ဘောသား" ဖြစ်၍ နန်းတွင်းအခေါ်အားဖြင့် ထိုဝန်ထမ်းတို့အား "သင်္ဘောလူမျိုး" ခေါ်တွင် ခဲ့ကြလေ၏။ ထိုမှ "သိန်းဘောလူမျိုး" ဖြစ်လာ၏။ ခေါ်ဝေါ်မှုများလာသော် "သိန်းဘော" မှ "သိန်းဖောလူမျိုး" ဖြစ်လာတယ်ဟု အင်္ဂလိပ်လက်ထက်တုန်းက ဆင်ဘိုမြို့သူကြီးက ပြောဖူးလေ၏။ မြစ်ကြီးနားမှ တောင်ဘက် ဧရာဝတီမြစ်ကြောင်းအတိုင်း မြစ်၏ အရှေ့ဘက်နဲ့ အနောက်ဘက်တွင် တည်ရှိတဲ့ ရှမ်းဗမာ ခေါ် ရှမ်းနီ ခေါ် တိုင်းလိုင် (TAILENG) လူမျိုးတို့ နေထိုင်ကြ၏။ ယခုအခါ ၎င်း ရှမ်းဗမာ တို့အား "ကျားဖြူရှမ်း" ခေါ်ကြလေ၏။ ဆင်ဘိုရွာကြီးဟာ ပထမ မြစ်ကျဉ်း၏ အထက်နား (မြောက်နား)တွင် တည်ရှိ၏။ ယခုအခါတွင် "ဆင်ဘိုမြို့" ဖြစ်သွားလေပြီ။ ထိုမြို့ပတ်ဝန်းကျင်၌ နှုတ်ချိုရွာ၊ နောင်ပွဲရွာ၊ ရေနားပင်လုံရွာ၊ တောပင်လုံရွာ၊ မြင်သာရွာ၊ ပိုင်းလုံရွာစတဲ့ ရွာစဉ်

များ ရှိ၏။ ထိုရှမ်းဗမာနှင့် သိန်းဖောလူမျိုးတို့ဟာ တစ်အူထုံ့ဆင်း ညီအစ်ကိုရင်းကဲ့သို့ အတူ နေထိုင်ကြ၏။ ထိုရှမ်း ဗမာတို့က "သိန်းဖော လူမျိုး" ဟု ယခုတိုင် ခေါ်ဝေါ်ကြလေ၏။ သိန်းဖောအမည်ကို အင်္ဂလိပ် လက်ထက်မှစ၍ တွင်တွင်ကျယ်ကျယ် ပြောင်းလိုက်၏။ "ကချင်လူမျိုး" ဟုသာ တွင်တွင် ခေါ်ဝေါ် လာကြ၏။ ဤ "ကချင်" ဝေါဟာရကိုကား ဘယ်အတွေးအခေါ် ပညာရှင်က အနားယူ အရက်မူးရင်း ချော်တောင်ငေါ့ ပေါ့ပေါ့ဆဆ လျှာကစားလိုက်တယ်-မသိရပါ။ "ကချင်" ဝေါဟာရရဲ့ ဖစ်မြစ်ကိုလိုက်သော် ဘဲဥ အစရှာမရသကဲ့သို့ရင်း၊ မိုးကုတ် စက်ဝိုင်း မဆုံးသကဲ့သို့ လည်းကောင်း၊ ပြောင်နှင့် ကျွဲလွဲမှားသကဲ့သို့ လည်းကောင်း၊ မုန်ညင်းစေ့နှင့်နှမ်း ရောထားသော် ရွေးချယ်ရခက်သကဲ့သို့ လည်း ကောင်း၊ မရေမရာ မသေမချာ ၊ ဇဝေဇဝါ၊ နဝေတိမ်တောင်ဖြစ်နေလေ ၏။ သေသေချာချာ၊ ဂဃနဏ၊ ခရေစေ့တွင်းကျ၊ တိတိကျကျ၊ အမှန် အကန်၊ မလွဲမချော် ဖြစ်စေ ချင်၏။ သိလိုပါ၏။ ကချင်လူမျိုးတို့ကို မေးမြန်းကြည့်တော့လည်း "အများ သဘောတူရင် အက္ခရာ(ဤ)ဟာ (ကျွဲ)ဖြစ်သွားတယ်။ အမွှေးပါတဲ့ မက်မွန်သီးကို အမွှေးစင်အောင် ပွတ် လိုက်ရင် မက်မန်းသီးနဲ့တူသလိုဖြစ် သွားတယ်။ ဘဲမ(မတမ်းမ)ပျိုရဲ့ ဥကို အိမ်ကြက်ဥဆိုရင် ရတယ်" ဆိုကြ ပြန်၏။

ကချင်အမျိုးသားတို့က သူတို့ကို သူတို့ "ဂျိန်ဖော့"(JING HPAW)ခေါ်ကြ၏။ ဒါကိုလျှာခလုတ်တိုက်ပြီး "ဂျင်ဖော့" ဖြစ်သွားပြန် ၏။ "ပဲဖော" သာရှိ၏။ "ဂျင်ဖော့" မရှိပါ။ "သဘော်လူမျိုး" "သိန်းဘော လူမျိုး" "သိန်းဖောလူမျိုး"၊ "ဂျိန်ဖော့လူမျိုး" "ဂျင်းဖောလူမျိုး" အမည် ကိစ္စဟာ နေဝင်ချိန်တွင် မိမိရဲ့အရိပ်ကို မိမိလိုက်မမီသကဲ့သို့ ရှိတော့၏။ လိုက်လေလေ ရှည်လေလေဖြစ်၏။

"အောင်မောင်စံ ဆရာတော်"အား "အရှင်ဘုရား ဘာလူမျိုးလဲ" မေးရာ ခေါင်းကုတ်၍ "အဲ အဲ အဲ " ဆိုကာ "သိန်းဖောလူမျိုး" ဆိုလေ၏။ ဒီလိုဆိုရင် (ကချင်)ပေါ့ဆိုရာ၊ မဟုတ်ဘူး (က - ချင်) ပျော်ရင် (က) ချင်တဲ့ (က - ချင်) ဆိုလေ၏။ ထွက်ရပ်ပေါက် ဝိဇ္ဇာဖြစ်ပြီးမှ ဗုဒ္ဓဘာသာဝင်ဖြစ်လာတဲ့ တရုတ်ဘိုးတော် ဘိုးထွန်းအောင်က အမိန့်ရှိ၏။ "ကချင်" ထက် "က - ချင်"က သင့်တော်ပါတယ်။ ငါတို့ ဝိဇ္ဇာတွေက "က - ချင်"ပဲ ခေါ်ကြတယ်။ စစ်ကိုင်းတိုင်းက "မော်လူး"ကိုလည်း "မော်လူ"ခေါ်တယ် (း) မထည့်ဘူး" ဆိုလေ၏။ ဝေါဟာရမကောင်းတဲ့ မြို့ရွာအမည်တို့ကို ဝိဇ္ဇာတို့က အာရုံကပ်၍ နာမည်ပြောင်းလိုက်ကြတယ်ဟု ဆိုလေ၏။ ဥပမာ အာလံမြို့ကို အောင်လံမြို့၊ ကာမမြို့ကို ကမ္မမြို့ အမည်ပြောင်းသင့်ပေမယ့် မပြောင်းဖြစ်သေးတဲ့ မြို့ရွာများစွာရှိသေး၏။

အောင်မော်စံဆရာတော်ကို မြစ်ကြီးနား လူထုက အမည်အမျိုးမျိုးသမုတ်ခေါ်ဝေါ်ကြ၏။ ကောင်းတဲ့ သမုတ်၊ မကောင်းတဲ့သမုတ်တွင် မကောင်းတဲ့သမုတ်ကို ဖော်ရပါလျှင် အကြွေးကျေချင်ရင် အောင်မော်စံကိုသွား၊ အကြွေးတင်ချင်ရင် အောင်မော်စံကိုသွား၊ နှစ်ထပ်တိုက်ပိုင်က တစ်ထပ်ပိုင်ဖြစ်၊ တစ်ထပ်ပိုင်က ပျဥ်ထောင်အိမ်ဖြစ်၊ ပျဥ်ထောင်အိမ်ရှင်က တဲကုပ်ဖြစ်၊ တဲကုပ်မှ အိမ်မဲ့ခြံမဲ့ ဖြစ်ချင်ရင် အောင်မော်စံကိုသွား၊ အောင်မော်စံ မဟုတ်ဘူး၊ အောင်မော်ခံ ခံရတယ်။ ဒေါက်ဖြုတ်အောင်မော်စံ၊ နောက်ဆုတ် အောင်မော်စံ၊ ဝိနည်းမလုံတဲ့ အောင်မော်စံ၊ မိုက်တာဆန် အောင်မော်စံ၊ ဒွဲဖြုတ် အောင်မော်စံ၊ လူရိုင်းအောင်မော်စံ စတဲ့ အမည်နာမ (၁၂)မျိုး ဟင်းချို သမုတ်ကြလေ၏။

အထက်ပါ အမည်များမှာ မည်းမည်းတူးတူးကို ခံယူဖန်များလာတဲ့အခါ အဖတ်ဆယ်လိုစိတ် ပေါ်လာ၏။ တရားရ (လောကုတ်)

ချင်ရင် ဝိပဿနာလုပ်၊ လောကီချမ်းသာချင်ရင် ဂုဏ်တော်ပုတီးများများ ပွားဟု ဝိဇ္ဇာများ ညွှန်ကြားတဲ့အတွက် ကီကုတ် နှစ်မျိုးစလုံးကို တွဲကိုင်လေ၏။ ပုတီး (၁၀၈)ပတ်ကို နံနက်ပိုင်းတွင် တစ်ကြိမ်၊ နေ့လယ်ပိုင်းတွင် တစ်ကြိမ်၊ ညပိုင်းတွင် တစ်ကြိမ် (၁၀၈)ပတ် သုံးကြိမ် (၁၀၈) ရက်စိပ်၏။ သက်သတ်လွတ်စား၏။ ဤအဓိဋ္ဌာန် ပြီးသောအခါ အထက်ပုဂ္ဂိုလ်တို့ကို တိုင်တည်၏။ အထက်ပုဂ္ဂိုလ်ဆိုတာ အနန္တော အနန္တငါးပါးပင် ဖြစ်၏။ ဆိုင်းမဆင့် ဘုံမဆင့် (ဆိုင်းမတီး ဘုံမတီး)ပင် ဘိုးတော်အောင်မင်းခေါင် ရောက်လာ(ကြွလာ)၏။ အမိန့်ရှိ၏။ လက်ချောင်း (၁၀)ချောင်းထောင် ပြ၏။ "ဘုရားရှင်လက်ထက်မှာ မဲ (၃)မျိုးရှိခဲ့တယ်။ မြသပိတ်မဲ၊ မဟာဒုတ် မဲ၊ စာရေးတံမဲဖြစ်တယ်။ ဒီမဲက အခုထက်ထိရှိနေတယ်။ ဒီ့အပြင် ခြောက်လုံး သုံးလုံး နှစ်လုံးမဲ ရှိနေတယ်။ နောက်သုံးရက်မှာ သုံးလုံးထွက်မယ်။ သုံးလုံးပြောပါ၊ ချဲမခေါ်နဲ့။ အတိတ်ပေးလိုက်တော့ (၁၂၃၄၅၆၇၈၉၀) ဂဏန်း (၁၀)လုံး ဘောမှာရေးထား။ ဒီအပတ် ၁ မှ ၇ အထိသေတယ်။ ကျန်တဲ့သုံးလုံး ထွက်မယ်လို့ရေးထား၊ ပါးစပ်နဲ့လည်း ပြောပေး" ဟုဆိုကာ ဘိုးတော်အောင်မင်းခေါင်၏ ခန္ဓာကိုယ်သည် ဆေးလိပ်မီးခိုးကို လေပင့်ရာ၌ ပျောက်ပျက် လွင့်ကွယ်သွားသကဲ့သို့ ပျောက်သွားလေတော့၏။ အောင်မော်စံ ဆရာတော်က နွားပျောက်တဲ့ မျက်နှာဖြစ်သွား၏။

ကျောင်းသို့လာသော (၇)ရက် သားသမီးတို့ကို နှုတ်နဲ့ပြောပြ၏။ ဘောကိုလည်း လက်ညှိုးထိုးပြ၏။ ထိုအခါ "ဟား ဟား ဟား မဖြစ်နိုင်တာ၊ မယုံဘူး၊ ဒီအတိတ်ပေးတဲ့ အောင်မော်စံဘုန်းကြီး၊ သူ့လောက်ရူးတာ ကမ္ဘာမှာမရှိတော့ဘူး။ အရူး စုပါမင်းဘုန်းကြီး" ဟု သမုတ်သွားကြလေ၏။ လူတစ်ယောက် ခပ်ကြောင်ကြောင် အမူအရာနဲ့ဆို၏။ "တပည့်

တော် အကြွေးသိန်း (၅၀၀၀)ရှိတယ်၊ အရှင်ဘုရား ကူညီနိုင်မလား" ဆို၏။ "ရတယ် ဒကာ ရတယ်၊ ဆယ်ဘီးကားတစ်စီး ငှားလိုက်၊ ဒိုင်မှာ ငွေထုတ်ယူဖို့၊ တုန့်ဖုန်းကားလည်း ငှားထား၊ တီအီး (၁၁) အာရ်တီစီကားကြီးလည်း (၁၀)စီးငှားထား၊ ပါဂျဲရိုး၊ ဆပ်၊ လင့်ရှိဟာကားတွေ ဘေးချိတ်၊ ဘောက အတိတ်ကိုထိုး၊ မန္တလေး ရန်ကုန် ဒိုင်ကို ဖုန်းဆက်ထိုး၊ ထိုင်း (ယိုးဒယား) ကိုလည်း ဖုန်းဆက်ထိုး၊ မော်လမြိုင်လည်း မချန်နဲ့၊ ထိုင်းဒိုင်ကငွေ၊ ရန်ကုန်ဒိုင်၊ မန္တလေးဒိုင်က ငွေကိုတော့ ရထားတွဲငှားပြီး တင်ယူလာ" ဟုမိန့်ဆို လိုက်ရာ ထိုလူက "ဟုတ်လှချည်လား၊ ဆိုလှချည်လား ဟား ဟား ဟား ဆိုရယ်လေ၏။ ငွေ ၅၀ဝိ/ -ကျပ်နှင့် လက်ဖက်ခြောက်လှူ၍ပြန်သွား၏။

နောက်သုံးရက်ကြာသော် ကျန်တဲ့သုံးလုံး (၈၉၀) ထွက်လာတော့၏။ တစ်ယောက်မှမပေါက်ကြပါ။ ဟင်းသီးဟင်းရွက် ရောင်းစားတဲ့ ဆင်းရဲသူမ (၂)ဦးကပြော၏။ "အောင်မော်စံ ဆရာတော် ကိုယ်တိုင်ပေးတဲ့ အတိတ်ဆိုတော့ စမ်းကြည့်တယ်။ ငါက ၂၀ဝိ/ - ဖိုး စမ်းမယ်။ ညည်းက ၁၀ဝိ/ဖိုး ထည့်စမ်း" ဆို၏။ ၎င်းတို့နှစ်ယောက်သာ ပေါက်သွားကြလေ၏။ ထို (ပိုင်းဟား)သူတို့ ယခုအခါတွင် အောင်မော်စံကျောင်းသို့ မလာကြတော့ပါ။

တန်ပြန်သက်ရောက်မှုရှိစမြဲပါ။ ထိုအခါမှစ၍ အောင်မော်စံ ဆရာတော်ဟာ အတိတ်ပေးခြင်းအလုပ်မှ အငြိမ်းစားယူလိုက်တော့၏။ တစ်ခါတလေ သုံးလတစ်ကြိမ်၊ လေးလတစ်ကြိမ်၊ ခြောက်လတစ်ကြိမ်သာ ပေးတော့၏။ ကြုံးဝါးလိုက်၏။ "လူတစ်ဦးတစ်ယောက်ကို ငါငွေနဲ့ ဖို့သတ်လို့ရပြီ၊ ဘုရားက မသတ်ခိုင်းလို့သာပါ" ဟု ကြုံးဝါး၏။

ရယူလိုမှု တစ်ခုအတွက် ပေးဆပ်မှုရှိရမယ်ဖြစ်ကြောင်း ဘုရား

ဟော၏။ ကမ္မဝဋ္ဋ်၊ ကိလေသဝဋ္ဋ်၊ ဝိပါကဝဋ္ဋ်၊ သံသရာဝဋ္ဋ်ကို ပေးဆပ်ရာ၌ ဒါန သီလ ဘာဝနာ နည်းနှင့်ပေးဆပ်ရမှာဖြစ်၏။ ကံကြွေးကို ကံနှင့်ဆပ်၊ ဥစ္စာကြွေးကို ဥစ္စာနှင့်ဆပ်၊ ငွေကြွေးကို ငွေနှင့်ဆပ်ရပေမယ်။ ဝိဇ္ဇာတို့က တော့ ဥစ္စာကြွေးကို ဘောဂသိဒ္ဓိနှင့်ဆပ်၊ ငွေကြွေးကို မနသိဒ္ဓိနှင့်ဆပ်ရ မယ်ဆိုလေ၏။ ထိုသိဒ္ဓိတို့ ပြည့်စုံလိုသော် ဂုဏ်တော်ပွားရမယ်။ (ပုတီး စိပ်ရမယ်) ဘယ်နှစ်ပတ်စိပ်ရမလဲ၊ သိဒ္ဓိပေါက်တဲ့အထိ စိပ်ရမယ်ဆို၏။

လောကုတ္တရာ တရား(ဝိပဿနာ)မှာတော့ ဆင်းရဲလေလေ တရားရလေလေ၊ မွဲလေလေ ရုပ်နာမ်ကွဲလေလေ၊ ဒုက္ခတွေ့လေလေ ပုပ်ပွကမ္မဋ္ဌာန်းတွေ့လေလေ၊ အိမ်မိုးမလုံလေလေ၊ အရိုးစုပုံမြင်လေလေ၊ ဇရာဒုက္ခဖြစ်လေလေ၊ တဏှာသမုဒယ ထင်လေလေ၊ စားစရာမရှိ လေလေ၊ ငါးဖြာခန္ဓာအဖြစ် ရှုမြင်လေလေ၊ စေတနာမရှိလေလေ ဝေဒနာ မိလေလေဖြစ်လေ၏။

စွန်းလွန်းတရားက ဆို၏။ ပညတ် ပရမတ် ကွဲတယ်မှတ် သူမြတ်မဆိုသာ၊ ပညတ် ပရမတ် တွဲတယ်မှတ်၊ သူမြတ်မဆိုသာ ပညာပရမတ် နှစ်ခုစပ်၊ သိတတ်သူမှ မြတ်ဆို၏။ ပညတ်ကလောကီ၊ ပရမတ်က လောကုတ်ဆို၏။ လောကီက သမထ လောကုတ္တရာက ဝိပဿနာ၊ သမထ ဝိပဿနာ စပ်ယှူ၊ စပ်ရှုရမည် တည်း။ ဤတွင် "ချော်ဘိုးတဲ" ဆိုတဲ့ "ချဲဘိုးတော်" အစဉ် နိဂုံးတံ။ ။

# ဝိဇ္ဇာမယ်တော်ကြီး

ကချင်ပြည်နယ်၊ မြစ်ကြီးနား၊ မော်ဖောင်းရွာအုပ်စု၊ အောင်ချမ်းသာရွာ၊ (ခ) အောက်မော်ဖောင်းရွာ (ခ) အောင်မော်စံရွာ (ခ) နယ်မြေ အမှတ်(၁) ရွာ (ခ) ကပ်ကျော်ရွာသည် (၅)မည်ရ ရွာကလေးဖြစ်၏။ အိမ်ခြေ (၁၆၀)ခန့်ရှိမည်ထင်၏။ တိုင်းရင်းသားလူမျိုး (၁၂)မျိုး နေထိုင်ကြလေ၏။ ထိုအတူနေ လူမျိုးထဲက ဘယ်လူမျိုးသည် အထင်ရှားဆုံး အဓိကအကျဆုံး ဆိုလို့တော့ မလွယ်လှပါ။

"အောင်မော်စံတောရကျောင်း" တည်ရှိသောကြောင့် (၅) မည်ရရွာမှာ (၄)သည် ကွယ်ပျောက်လုနီးနီး အစပထမ ကနဦးတွင် "အောင်ချမ်းသာ၊ ရွာသစ်၊ မော်ဖောင်း"ဟူသော ဆိုင်းဘုတ်ရှိခဲ့ပါသည်။ မကြာခင်လအတွင်းမှာပင် တိုင်ကိုခြစား၍ လဲပြိုသွားပြီး ဆိုင်းဘုတ်သည် မရဏာစခန်း နောက်ဆုံးလမ်း တန်းတန်းမတ်မတ် မွန်းကြပ် ဝေဒနာခံစားကာ မြေသားလွှာပြင်ပေါ်သို့ ခရရှာတော့၏။ နောက်ထပ်တစ်ဖန် အကြံဉာဏ်နှင့် ရွာဆိုင်းဘုတ်မထားတော့သည်မှာ ဆယ်ကျော်သက်ကာလပင် မကတော့ပါ။

နောက်ဆုံးဘဝ၊ နိဂုံးကမ္ဘမှာ "အောင်မော်စံရွာ"ဟုသာ လူသိ

ရှင်သိ ဖြစ်လာပါတော့သည်။ နဲပါလီ လူမျိုး (ခ) နီပေါလူမျိုး (ခ) ဂေါ်ရခါး လူမျိုးတို့သည် အိမ်ခြေ (၄၀)ကျော် ဖွဲ့စည်းနေထိုင်လေ၏။ အောင်မော်စံကျောင်းတိုက်နှင့် လမ်းခြား၊ ခြံစည်းရိုးခြား ခေါင်းရင်းခြေရင်း ပူးလျက်ကပ်လျက် ထိစပ်နီးကပ်စွာ နေထိုင်ကြလေ၏။ ဂေါ်ရခါးလူမျိုးတို့သည် ဂေါတမမြတ်စွာဘုရား၏ ဆွေတော်မျိုးတော် ဉာတိကာတော်များ ဖြစ်ကြလေ၏။ ထို့ကြောင့် သူတို့ကို စေ့စေ့မကြည့်ရဲ မော်မကြည့်ရဲပါ။ စိတ်ထဲက တင်းထား၏။ "ငါက ဘုရားရဲ့ သားတော် ရဟန်းပဲ၊ ဘာ ကြောက်စရာလိုသလဲ၊ မကြောက်ဘူး" ဟု တင်းထား တောင့်ထား၏။ သို့သော်လည်း ကြောက်မိပြီဆိုလျှင် ကြောက်နေကျ ကြောက်ချင်ချင် ဖြစ်နေလေ၏။

အောင်မော်စံဆရာတော်က မိခင်နို့မစို့ နွားနို့ ကျွဲနို့မသောက် ဆိတ်နို့ ဆိတ်သားမစား၊ ထောပတ်မလိုင် ဒိန်ခဲ ဒိန်ချဉ်တို့ကို မစား၊ သက်သတ်လွတ်သာ စားလေ၏။ တစ်နေ့သ၌ သူတို့ရဲ့ နွား၊ ဆိတ်တို့က ကျောင်းဝင်းထဲသို့ ဝင်မွှေစားသောက် (စိုက်ပင်၊ ပန်းပင်များ) ကုန်၏။ ကျောင်းတွင်လည်း သူတကာ (၇)ရက်သားသမီးတို့က ဘေးမဲ့လာလွှတ်ထားသည့် ခွေး၊ ကြက်၊ ခို၊ ကြောင်၊ မြွေကြီးမြွေငယ်၊ မျောက်အမျိုးမျိုး၊ ကြက်တူရွေး၊ လိပ်အမျိုးမျိုး၊ ငါးအမျိုးမျိုး၊ သိမ်းငှက်၊ စွန်ငှက်၊ အောင်ဝါကြီးငှက်တို့ ရှိကြ၏။

ထူးခြားဆန်းပြားသည်မှာ "နောင်အောင်"အမည်ရှိသည့် ခွေးနက်မြီးဖြောင့် ခွေးထီးတစ်ကောင်နှင့် မကြာဖံ အမည်ရှိ မျောက်နီမတို့သည် ခင်မင်ရင်းနှီး ယဉ်ပါးကြ၏။ ခွေးထီးနော်အောင်၏ ကျောကုန်းကိုမျောက်မကြာဖံက စီး၍ လျှောက်လည်ကြ၏။ အားလျှင်အားသလို ခွေးထီးကို မျောက်မက သန်းရှာပေး၏။ ခွေးသန်းကို တမြုံ့မြုံ့နဲ့ စားပစ်၏။

တစ်နေ့သ၌ ဂေါ်ရခါးရွာထဲက ဆိတ်မိသားစုတစ်စုသည် ကျောင်းဝင်း ထဲသို့ဝင်လာ၍စိုက်ခင်း မြက်ခင်းတို့ကို စားလေ၏။ ခွေးထီးနော်အောင် က လိုက်ကိုက်၏။ ထိုအခါ မျောက်မကလေး ကြာဖံက နော်အောင် နောက်က လိုက်သွား၏။ နော်အောင်နှင့် ဆိတ်ထီးကြီး ဘတပြန် ကျားတပြန် ဖြစ်နေကြ၏။ ကြာဖံက ဆိတ်ထီး၏ မျက်လုံးနှစ်ဖက်ကို လက်နှင့်နှိုက် ဖောက်လိုက်၏။ နော်အောင်ကို ခံ‌ဌေ့သော ဆိတ်ထီးသည် မဇေ့နိုင် တော့ပါ။ နော်အောင်က ဆိတ်၏ခြေထောက်ကြောကို ကိုက်ဖြတ်လိုက် သောအခါ ဆိတ်ထီးသည် မြေကြီးပေါ်သို့ လဲသွားတော့၏။ နော်အောင် က ဆိတ်၏လည်မျိုကို ခဲထားရာ ဆိတ်သည် သေဆုံးသွားတော့၏။ ထိုသို့ဖြစ်ပျက်သော နေရာနှင့် ကျောင်းကြီးသည် အကွာအဝေးအားဖြင့် ပေ (၃၀၀)ခန့် ဝေးသောကြောင့် ဆိတ်ကို မကာယ်နိုင်လိုက်ပါ။ ဆိတ်ပိုင်ရှင် ကို ရှာဖွေ၍ ဆိတ်အသေကောင်ကို ပေးအပ်လိုက်၏။

ဆိတ်ပိုင်ရှင် ဂေါ်ရခါးသည် အလွန်ပင် မကျေမနပ်ဖြစ်သွား လေ၏။ ဤတစ်ကြိမ်သာမဟုတ် မကြာခဏ ဖြစ်လာ၏။ မကြာပါ ခွေးထီး နော်အောင် ရွာထဲသို့ သွားရင်း ပြန်မလာတော့ပါ။ မျောက်မ ကြာဖံကိုလည်း တောထဲသို့ သွားလွှတ်လိုက်တော့၏။ ထိုဆိတ်၊ ခွေး၊ မျောက်တို့ကို အကြောင်းပြု၍ ဂေါ်ရခါးရပ်ကွက်တွင် ဘုရားတစ်ဆူကို အောင်မော်စံ ဆရာတော်က တည်ထားလေ၏။ ထိုင်တော်မူ ရုပ်ပွားတော် ကြီးဖြစ်လေ၏။ ပြီးစီးသောအခါ ဆန်းပြားထူးခြားလာလေ၏။ လက်လေး ချောင်းပါသော မယ်တော်တစ်ပါးသည် အောင်မော်စံကျောင်းသို့ ရောက်လာ၍ ပြော၏။ "အသင်ဘုန်းကြီး ကျွန်ုပ်က ဟိန္ဒူဘာသာမယ်တော် လက်ချမီဖြစ်ပါတယ်။ ကျွန်ုပ်ချစ်တဲ့ ကလေးတစ်ယောက်ကို ခေါ်ယူမယ်၊ ငါးနှစ်သားပဲ ရှိသေး တယ်။ စနေသားဖြစ်တယ်။ မိဘတို့က သူရာသုံးလို့

ခေါ်ယူရတာ ဖြစ်တယ်။ သင်ဘုန်းကြီးရဲ့ ခေါင်းရင်းအိမ် မျက်စောင်းထိုး အိမ်က ယခုည ခေါ်မယ်၊ အသိပေးပါတယ်" ဆိုလေ၏။ နောက်တစ်နေ့ နံနက်တွင် ထိုအိမ်မှ ငိုသံကြားရလေတော့၏။ မေးကြည့်ရာ "ငါးနှစ်သား စနေသား မနေ့ညက သေသွားပြီ၊ မနေ့ညနေကပဲ အောင်မော်စံ ကျောင်းက မျောက်သွားကြည့်ပြီး ပျော်နေသေးတယ်၊ အံ့ဩပါတယ်" ဆို၏။ "အော် လက်ချမီ မယ်တော် ခေါ်သွားပြီ၊ ချစ်လို့ ခေါ်သွားပြီကိုး" လက်ချမီမယ် တော်သည် ဝိဇ္ဇာမလေလား၊ နတ်လေလား ဝေခွဲမရပါ။

❧ ❧ ❧

# အနုကြမ်းကို ကာကွယ်ပေးသည့် လက်ချမီမယ်တော်

ငါးနှစ်သားအရွယ် စနေသားကလေးကို ခေါ်ယူပြီး မကြာခင် လ-ရက်အတွင်း၌ ထိုလက်လေးချောင်းပိုင်ရှင် လက်ချမီမယ်တော်ဒေဝီသည် အောင်မော်စံဆရာတော်ထံ တစ်ခေါက်ရောက်လာပြန်၏။ အောင်မော်စံ ဆရာတော်က မေး၏။ "ရောက်မဆိုက် မေးရဦးမယ်၊ မယ်တော်ရဲ့လက်တော်က လေးချောင်းဆိုတော့ နှစ်ချောင်းပိုလာအောင် ဘယ်လိုအားထုတ်ရသလဲ" "ခေါင်းဆယ်လုံးရှိတဲ့ ဒသဂီရိနဲ့ လက်တစ်ထောင်ရှိတဲ့ ကွမ်ရင်မယ်တော်တို့လိုပေါ့၊ ဒီကလေးချောင်းပဲ ရှိတာပါ၊ အမှန်က ကံတရားပါပဲ၊ ဒါကအရေးမကြီးဘူး၊ အသင်ရဲ့ခေါင်းရင်းတည့်တည့်က ဂေါ်ရခါးအိမ်ကို ကြွပေးပြီး အမိန့်ရှိပေးပါ။ ခြံစည်းရိုးပဲခြားတယ်ဆိုတော့ လှမ်းခေါ်ပြောရင်လည်း လွယ်တာပဲ။ ပြောရမှာက နောက်တစ်လကြာရင် မင်းတို့အိမ်မှာ အနုကြမ်းလာစီးတော့မယ်၊ သူတို့က တဲကုပ်နဲ့နေပေမယ့် ရွှေရှိတယ်၊ တစ်လအတွင်း ရွှေမဝတ်နဲ့၊ သေတ္တာထဲမှာလဲ မထားနဲ့၊ မြေကြီးမှာ မြှုပ်ထားပါလို့ ပြောပေးပါ" ဆိုလေ၏။ အောင်မော်စံဆရာတော်က ပြော၏။ "မယ်တော်ရဲ့ အမျိုးပဲ၊ မယ်တော်ပဲ သွားအမိန့်

ရှိပါသလား" "ဟုတ်တယ် ကျွန်ုပ်အမျိုးဖြစ်လို့ ပြောပေးစေလိုတာပေ့ါ၊ ကျွန်ုပ်သွားတယ် ကျွန်ုပ်ကို သူတို့က မမြင်ကြရဘူး၊ ကျွန်ုပ်ပြောစကားလည်း သူတို့ မကြားဘူး၊ ပြောင်းဖူးခွဲမပျက်ဘူး၊ သင်ဘုန်းကြီးက ကျွန်ုပ်ကိုလည်း မြင်တယ်၊ ပြောစကားလည်း ကြားတယ်၊ ဒါကြောင့် အကူအညီတောင်းတာပါ၊ သွားပြောရင် ကုသိုလ်ကြီး မရပေမယ့် ကုသိုလ်ကလေးတော့ ရမှာပါ" ဆိုလေ၏။

နောက်တစ်လကျော် ကြာသည့်အခါတွင် ကာလသား တစ်ယောက် ထိုအိမ်သို့လာတည်းခို၏။ အရွယ်ကောင်း အိမ်ရှင် လင်မယားဇနီး ခင်ပွန်းတို့က ယာခင်းသွား၏။ အသက်(၈၀)ကျော် အဘွားနှင့် ထိုဧည့်သည်ကို ထားခဲ့၏။ အဘွားကြီးက (ဟာရီရမ်၊ ဟာရီ ရမ်)ဟု ရွတ်၏။ ဧည့်သည်က ထိုအဘွားအား လက်ပြန်ကြိုးတုပ်၍ ခန္ဓာကိုယ်တွင်ဝတ်ထားသော ရတနာတို့ကို ချွတ်ယူသွား၏။ ယာခင်းမှပြန်လာသည့် အိမ်ရှင်တို့က လိုက်၏။ ဧည့်သည်ကို မြစ်ကြီးနားမြို့က အိမ်တစ်အိမ်တွင် မိ၏။ ပစ္စည်းပြန်ပေးပါ၊ အမှုမလုပ်ဘူး ဆို၏။ ဧည့်သည်က ပစ္စည်းပြန်ပေး၏။ "လက်စွပ် တစ်ကွင်းကိုတော့ ရောင်းစားလိုက်ပြီ၊ ကျွန်တော်ဟာ ဆင်းရဲသား မဟုတ်ပါဘူး၊ ဒါပေမယ့် ကျွန်တော် ဒီလို လုပ်မိသွားတယ်ဆိုတာကို ကိုယ့်ကိုယ်ကိုယ် မသိဘူး" ဟု မျက်ရည်လည် ပြောသောအခါ အရေးမယူ အမှုမဖွင့်ဘဲ နေလိုက်၏။

အောင်မော်စံဆရာတော်ပြောတဲ့အတိုင်း ပစ္စည်းကို မြေမှာမြှုပ်ထားတယ်၊ လွတ်သွားတယ်၊ အဘွားကိုလည်း ပြောပြတယ်၊ အဘွားက မယုံဘူး၊ မတတ်နိုင်ဘူး၊ အဘွားကပြောတယ် "ငါက ဟာရီရမ် အမြဲလုပ်တာ မကြောက်ဘူးပြောတယ်" ဆိုလေ၏။ အောင်မော်စံ ဆရာတော်က ပြော၏။ "ငါတော့ ရမ်ဆိုတာ အရက်ကိုပြောတာ နိုင်ငံခြား ရမ်၊

ပြည်တွင်းရမ်၊ အာရမီရမ်၊ ရမ်အပြင်း၊ ရမ်အပျော့ပဲ နားလည်တယ်၊ အခု ဟာက ရမ်မကယ်နိုင်သလိုဘဲ" ဆိုလေ၏။

စင်စစ်အားဖြင့် လက်ချမီမယ်တော်က ကယ်လိုက်ခြင်းဖြစ်၏။ လက်ချမီ မယ်တော်က လာပြောပြန်၏။ " ကျွန်ုပ်ကို ကူညီတဲ့ အောင်မော်စံကို ဆုပေးမယ်၊ လက်ဆောင်ပေးမယ်" ဆိုလေ၏။ နောက်တစ်နေ့တွင် လူတစ်ယောက်ရောက်လာ၍ ပြောသည်မှာ "ညက အိပ်မက်ထဲမှာ ကုလားမကြီး တစ်ယောက်လာပြီး အောင်မော်စံ ဆရာတော်ကို ငွေ ၅၀၀၀ိ/ –(ငါးသောင်းကျပ်) သွားလှူပါ။ မင်းပိုချမ်းသာလာမယ်ပြောလို့လာလှူပါတယ်" ဆိုလေ၏။ ထိုငွေ ၅၀၀၀ိ/ –ကို အောင်မော်စံ ဆရာတော်သည် ဘိုးတော်အောင်မင်းခေါင် ဘုံဆောင်လုပ်ခြင်း၊ ဘုံဆောင်ပတ်လည်တွင် အင်္ဂတေခင်းခြင်း လုပ်ဆောင်လိုက်လေ၏။

## လာပြန်ပြီ မယ်တော်

အထက်ပါ အဖြစ်အပျက် ဖြစ်ပြီးသည့်နောက် တစ်နှစ်ခန့်ကြာသော် လက်ချမီ မယ်တော် ရောက်လာပြန်၏။ မယ်တော်က ပြော၏။ "ရွာထဲက ( )အိမ်မှာ လက်မခန့်အရွယ် ဗုဒ္ဓရုပ်ပွားတော်တစ်ဆူဟာ ဟိန္ဒူနတ်ဘုရားကြားမှာ ပက်လက်လန်လဲ ကျနေတာကြာပြီ၊ သွားပြီးတော့ ထောင်လိုက်ပါ" ဆို၏။ အောင်မော်စံ ဆရာတော် ချက်ချင်းကြွသွား၍ လဲနေသော ရုပ်ပွားတော်ကို ထောင်မတ်လိုက်၏။ အိမ်ရှင် ( ) ကပြော၏။ "ဒီဘုရားက ပလတ်စတစ် ကော်ရုပ်ဆိုတော့ ပေါ့ပေါ့ကလေးဖြစ်နေလို့ ကြွက်တိုးလို့ လဲသွားဟန်တူတယ်၊ သတိမထားမိဘူး" ဆိုလေ၏။ အောင်မော်စံဆရာတော်ကို နွားနို့တစ်ခွက် ကပ်သည်ကို ဘုဉ်းပေး၍ ကျောင်းသို့ ပြန်ကြွလာလေ၏။

"ဩော် ပလတ်စတစ် ရုပ်ပွားတော်လည်း အလကား မဟုတ်ပါလားနော်" ဟု မှတ်ချက်ချလိုက်၏။

## ဒီတစ်ခါတော့ လက်ချမိ မဟုတ်တော့ပါ

လွန်ခဲ့တဲ့ နှစ်ပေါင်း (၄၀)ကျော်အထိ ကချင်ပြည်နယ်တွင် ဥတု သုံးပါး သုံးလီမရှိပါ။ ဥတုနှစ်ပါးသာ ရှိပါတယ်။ ဆောင်းဥတုနဲ့ မိုးဥတုပါ။ နွေဥတု မရှိပါ။ အထူးသဖြင့် မေခနဲ့ မလိခဆုံတဲ့ မြစ်ဆုံကစ၍ မြောက်ဘက် ဆွမ်ပရာဘွမ်၊ အလယ်ပူတာအို အဆုံးတွင် နှင်းကျလာလိုက်၊ မိုးဖွဲဖွဲ ရွာလိုက်၊ မိုးမည်းမည်းအုံ့လာလိုက်၊ မိုးကြီးရွာလိုက်၊ မိုးစဲသွားရင် နှင်းမိုးပြန်ကျလာလိုက်သာရှိပါတယ်။ နွေဥတုမရှိပါ။

အလောင်းအလျာ အောင်မော်စံဆရာတော် အလောင်းအလျာလောကလူသားတစ်ယောက်ဟာ ထိုဥတုကို ကြိုက်နှစ်သက်ပါတယ်။ ဘာကြောင့်လဲဆိုရင် ဇာတိရွာဖြစ်တဲ့ ရှမ်း/မြောက် ကွတ်ခိုင်မြို့ရဲ့ရာသီဥတု နှင်းတောတွင် လူဖြစ်လာလို့ပါ။ ဤရာသီ ဥတုနှစ်ခုက ဖွားဖက်တော်လို ဖြစ်နေလို့ပါ။ ယခု ဤစာကိုရေးနေတဲ့ သက္ကရာဇ်ကြီး ၂၀၁၃ ခုနှစ်မှာတော့ "ပြောင်းပြန်နိယာ" ဖြစ်သွားပြီ၊ ၂၀၁၂ - ဆိုတဲ့ ယခင်နှစ်ကလည်း ဆောင်းတွင်း၌ နှင်းတစ်ခါမှ မကျပါ။ နွေခေါင်ခေါင် ပူပူလောလောကြီးက လွှမ်းမိုးနေပါပြီ။ မိုးဥတုနဲ့ ဆောင်းဥတုဟာ မိုင်နာဆိုလား၊ အငယ်ဆိုလား၊ အနှောင်းဆိုလား၊ အနိမ့်ဆိုလား မပြောတတ်တော့ပါ။

နွေအခါမှာ အတိုင်းထက်အလွန် (၃၇) သုံးဆယ့်ခုနစ်ဒီဂရီ စင်တီဂရိတ် အထိပင် စူးစူးရှရှ ပူအိုက်လှ၍ ချောင်းကြီးတို့က ရေနည်း၊ ချောင်းငယ်တို့က ရေခန်း၊ အင်းကြီးတို့က ရေနည်းလာ၊ အင်းငယ်တို့က ပက်ကြားအက်၊ အရင်ကလက်နဲ့ လှမ်းခပ်လို့ရတဲ့ ရေတွင်းကလည်း အခုအခါမှာ ပေ (၄၀)ကျော် နက်သွားလေပြီ။ တိုက်လာတဲ့လေကလည်း လေပူလေနွေး လော်ကယ်ရထား ဘွိုင်လာအိုးက ထွက်တဲ့ရေငွေ့လို ဖြစ်နေပြီ။ ငရဲပူ အကျူမြူပူထက်စာရင် တော်သေးသည်ဟု ခံယူသည့် အောင်မော်စံဆရာ တော်ဟာ သေရမှာ မကြောက်ပေမယ့် မသေဘဲ ခံစားနေရတဲ့ အပူ အအိုက်ဒဏ်ခံနိုင်လေအောင် တိုက်ကျောင်းနံရံ အင်္ဂတေကို ရေဖျန်း၊ သွပ်ခေါင်မိုးကို သကြံန်ရေကစားတဲ့ ပြွတ်နဲ့ရေစုပ်ပြီး ဖျန်းလိုက်တယ်။ ခံသာသွားတယ်။ ကြမ်းပြင်ကိုလည်း အဝတ်စုတ်ကို ရေဆွတ်ပြီးတိုက် ပိုခံသာတယ်။ ဘာဝနာအနည်းငယ်ရှုပွား၊ ရှုလို့က မကောင်းပါ။ မောဟ ဖိစီး အချည်းနှီး အိပ်ငိုက် မိုက်တိုက် မှောင်တောင် မျက်စိ မှိတ်သွား တော့တယ်။ အလင်းမှုန်နည်းနည်း ပြန်လင်းလာတယ်၊ မိုက်ထားတယ်၊ နွားကလေး၊ နွားသိုးလှလှလေးတစ်ကောင်ကို ထင်ထင်ရှားရှားတွေ့ရ တယ်။ ဝဝကစ်ကစ် အဖြူရောင် နွားသိုးကလေး။

ထိုနွားရဲ့ ဘယ်ဘက်နံပါးတွင် ကပ်လျက် လူတစ်ယောက် ရပ်နေတယ်၊ ကုလားကလေး လူပျိုပေါက်အရွယ် ထင်ရတယ်၊ ပြုံးပြီး ကြည့်နေတယ်၊ ကြည့်လို့ကောင်းတယ်၊ ထိုခဏမှာပဲ ကုလားလေးက ပလွေတစ်ချောင်းကို ထုတ်ပြီး မှုတ်တယ် "မဟာဂီတ" ဟိန္ဒူတေးသံနဲ့ တူတယ်။ ငေးကြည့်၊ ငေးနားထောင်မိတယ်၊ ကုလားလေးက ပါးစပ်ဟ လာပြီး ပြောတယ်။ "သူငယ်ချင်း မင်းက အခုထက်ထိ ခရစ်လိုလို၊ အစ္စလာမ်လိုလို၊ ကွန်မြူနစ်လိုလို၊ ဗုဒ္ဓဘာသာလိုလို၊ ဟိန္ဒူလိုလို၊

နတ်စားလိုလို လုပ်နေတုန်းပဲ၊ မင်းနဲ့ငါနဲ့ တရားထိုင်ဖော် ထိုင်ဖက် သူငယ်ချင်းလေ၊ မင်း ငါ့လောက် တရားမထိုင်နိုင်ခဲ့ဘူး၊ အကြာဆုံး တစ်လပဲ မထတန်း ထိုင်နိုင်တယ်၊ ငါက တစ်နှစ် နှစ်နှစ်ကြာ မထတန်း ထိုင်နိုင်တယ်၊ ငါက ဟိန္ဒူဘုရားဖြစ်နေပြီ၊ (ကရှစ်ရှနား) ဘုရားလေ ကွာ၊ မင်းက လူမျိုးပေါင်း (၁၀၁)ပါးမှာ လှည့်ပြီး ကျက်စားနေတယ်၊ တိရစ္ဆာန်ဘုံ၊ အသူရကာယ်ဘုံ၊ ပြိတ္တာဘုံ၊ ငရဲဘုံမှာလည်း ကျက်စား ခဲ့တယ်၊ မင်းတော်တော်ခံနိုင်တဲ့ ကောင်၊ ငါတော့ မခံဘူး၊ ဒါပေမယ့် မင်း က ငါ့ထက်ဉာဏ်ကောင်းပါတယ်၊ ဦးနှောက်ကောင်းတယ်၊ မင်း မကြာခင် ဗုဒ္ဓတရား ပြည့်စုံတော့မှာပါ၊ ငါပြောမယ်၊ ဟိုအလယ်ရွာ (မော်ဖောင်း) အလယ်မော်ဖောင်းရွာက စကားမပြောတတ်တဲ့ ဂေါ်ရခါး မိန်းမပျိုကလေးကို ငါသင်ခန်းစာပေးပြီး ခေါ်ယူတော့မယ်၊ မင်းသွားပြီး တော့ ပြောလိုက်၊ ဗဟုသုတပေါ့၊ အတွေ့အကြုံတစ်ခုပေါ့၊ မင်းတို့ ရပ်ကွက်မှာ နောက်နှစ်ရက် သုံးရက်ကြာရင် လူတစ်ယောက် ထူးထူး ဆန်းဆန်း သေမယ်၊ စောင့်ကြည့်ကြလို့ သွားပြောပေးပါ" ဆိုလေ၏။ ထိုပလွေနှင့် ကုလားကလေးဟာ အမြင်အာရုံမှ မီးခိုးဖြစ်သွားပြီး ပျောက် သွားလေ၏။

နောက်နှစ်ရက် ကြာသော် "အလယ်မော်ဖောင်းရွာ" ဂေါ်ရခါး အိမ်တစ်အိမ်က စကားမပြောတတ်တဲ့ မိန်းမပျိုတစ်ယောက်ကို မိုးကြိုးခ (မိုးကြိုးပစ်)၍ ကွယ်လွန်သွားလေ၏။ မကွယ်လွန်ခင် ခါတိုင်းနေ့ထက် စောစောထ၍ ခုံရှည်တွင် ထိုင်၍ ငိုနေလေ၏။ လက်နှစ်ဖက်ကိုမြှောက်၍ မိုးကောင်းကင်ကို မော့ကြည့်ပြီး ငိုလေ၏။ မြှောက်ထားတဲ့ လက်ဝါးနှစ် ဖက်ကို လက်ဝါးဖောက်ထိုး၍ ဦးခေါင်းကို ထုရိုက်လိုက်၏။ ၎င်းနောက် အသက်ထွက်သေဆုံးဟန်အမူအရာ ပြလေ၏။ ထိုအချိန်မှာပင် မိုးမအုံ့

ဘဲ မပြောပလောက်တဲ့ တိမ်တိုက်ပေါ်မှ အလင်းတန်းတစ်ခုကျ လာကာ "ဂျိန်း" ဟူသော အသံနှင့် မိန်းမပျိုကလေးဟာ အသက်နဲ့ခန္ဓာ ပြတ်သွား လေတော့၏။

အောင်မော်စံဆရာတော်လည်း ဘာသာခြားက တစ်ဖြစ်လဲ ဖြစ်တဲ့အတွက် မိမိရဲ့မိခင်ဘာသာက စကားလုံးကို ပြန်သတိရလေ၏။ "မုအကျဲနာ (MUACHYENA) မိုကြိုးပစ်မဲ့ကောင်/ကောင်မ" ဟု အဓိပ္ပါယ်ရှိ၏။ "မုအကျဲ့ အင်ရော်(ဝ်)အိုင်ဝါ" (MUACHYE-NRAU AI WA) မိုးကြိုးမပစ်အားလို့ အပစ်မခံရသေးတဲ့ အကောင်/ကောင်မ"ဟု အဓိပ္ပါယ်ရှိလေ၏။

လောကကြီးက ဆန်းတယ်။ လူကဆန်းတယ်။ ကံတရားက ပို ဆန်းတယ်ဟု ဘုရားဟော၏။

# ဝိဇ္ဇာကြီးလေလား မှော်အောင်သူလား

"မြေကြောရှုံ့"ဘိုးတော်၊ "လမ်းလျှောက်"ဘိုးတော် ရှိတယ်ဆို၏။

မြစ်ကြီးနားမြို့ မော်ဖောင်းရွာ၊ အောင်မော်စံရွာတွင် ကချင်အနွယ်ဝင် လီစူးလူမျိုး ကိုအားရှီဆိုသူ လူငယ်တစ်ယောက်ရှိလေ၏။ သူ့မိခင်နဲ့ အမျိုးမကင်းသူ လီစူးအမျိုးသားဟာ ပူတာအိုမြို့တွင် နေထိုင်လေ၏။ ကိုအားရှီ (AH SHI)က ရေဖျဉ်းရောဂါနဲ့ ကွယ်လွန်တဲ့အခါ ပူတာအိုကလူ လာလေ၏။ အားရှီရဲ့ မိခင်က မေး၏။ "အစ်ကိုက မိုးမချုပ်ခင် အောင်မော်စံရွာကို ရောက်လာတယ်နော်၊ မနေ့ညက ဘယ်ရွာမှာ ည အိပ်ခဲ့သလဲ"ဆို၏။ ထိုသူကပြော၏။ "ငါမနက်က ဆတ်သားခြောက်ဖုတ်နဲ့ ထမင်းကြော်စားပြီး ခြေကျင်လျှောက်လာတာ၊ စိတ်ထဲက ရောက်ချင်ဇောက ကြီးနေတယ်၊ ဒါနဲ့ အခု မိုးမချုပ်ခင် ရောက်လာတာ" ဆိုလေ၏။ ထိုအခါ အားရှီ(ခ)ယားရှီ (YA SHI)ရဲ့မိခင်က မျက်လုံးပြူးပြူး မျက်ဆံပြူးပြူးဖြစ်လာကာ "မြစ်ကြီးနား ပူတာအိုမြို့က မိုင်သုံးရာ (၃၀၀) နီးပါးရှိတယ်၊ ဘယ်လိုကြောင့် တစ်ဆယ့်နှစ်နာရီအတွင်း မြစ်ကြီးနားကို ရောက်လာတာလဲ၊ ကားလမ်း မကောင်းတဲ့အခါ တစ်လကြာမှ ပူတာအိုရောက်တာလေ၊ ယာဉ်နဲ့တောင် မိနစ် (၄၀)ခန့်ကြာစီးရ

တာ၊ အစ်ကို့ဟာက ဘယ်လိုယုံရမလဲ" ဆိုပြန်၏။ "မင်းမယုံရင် မေးကြည့် ငါစားလို့ ကျန်တဲ့ ဆတ်သားခြောက်ကို အာဒီးကို ပေးစားခဲ့ပြီး၊ သူ့ရှေ့မှာပဲ ငါထွက်လာတာ၊ သူ့အစ်ကိုကို (အားဆီ)ကိုလည်း နှုတ်ဆက်ခဲ့သေးတယ်" ဆိုလေ၏။ နောက် (၂)ရက်ကြာသော် ပူတာအိုက ဦးအားဆီရဲ့တူဖြစ်သူက လေယာဉ်ဖြင့် မြစ်ကြီးနားသို့ ရောက်လာ၏။ သူ့ဆွေမျိုးလည်း အောင်မော်စံရွာတွင် ရှိတဲ့အတွက် လာတွေ့ရာတွင် ယားရှီရဲ့ မိခင်က မေးမြန်းကြည့်၏။ "သူအဲဒီနေ့ မနက်စောစောမှာ မြစ်ကြီးနားကို အရောက်သွားမယ် ပြောတယ်၊ ငါက လေယာဉ်နဲ့ သွားမယ်ထင်နေတာ ဒါပေမယ့် သူက တစ်ခါတလေ အိန္ဒိယကိုလည်း ဒီလိုပဲ သွားနေကျပဲ၊ ဘယ်လို သွားတယ်ဆိုတာတော့ သူ့ဟာသူပဲ သိမှာပေါ့၊ ငါတော့မသိဘူး" ဆိုလေ၏။ "အဲ အဲ မသိတာကို ဘုရားသခင် ကသိတယ်၊ ဘုရားသခင်ရဲ့သဘောပဲ" ဆိုလေ၏။

အောင်မော်စံရွာကလေးဟာ ဂဏ္ဍိရရွာများ ဖြစ်နေလေရော့ သလား၊ တကယ်တော့ နေရာတိုင်းမှာ ထူးခြားအံ့ဩဖွယ် အဖြစ်အပျက် ရှိစမြဲပါ။ သတိမထားမိ၊ ဂရုမပြုမိလို့သာ မထင်မရှား ထူးမခြားနားဖြစ်တယ်ထင်ရတဲ့ သဘောသာဖြစ်ပါတယ်ဟု နှလုံးသွင်းမိပါတော့၏။ ထိုသူဟာ ဗုဒ္ဓဘာသာဝင်မဟုတ်ဘဲ ဘာသာခြားဖြစ်၏။ ထို့ကြောင့် ထိုပုဂ္ဂိုလ်ဟာ "ဝိဇ္ဇာကြီးလေလား၊ မှော်ပညာရှင်လေလား၊" မပြောတတ်တော့ပါ။ အောင်မော်စံကျောင်းတိုက်နဲ့ မျက်စောင်းထိုးအိမ်က အဖြစ်အပျက်ဖြစ်၏။ သွားရောက်လေ့လာရပါဦးမည်။

လောကကြီးဟာဆန်း၏။ လူဟာဆန်း၏။ ထို့ထက် ကံတရားက ပို၍ဆန်း၏တည်း။ ။